# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်　　၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္လာနေ့　　အတွဲ (၆၄)၊ အမှတ် (၀၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



**ရေထွက်ကုန်များ ပြည်ပနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိ**

ပြည်တွင်းသတင်း　စာ ၃

**တစ်ခုတည်းသောကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ အခန်းကဏ္ဍ**

ဆောင်းပါး　စာ ၆



**လူငယ်နှင့် Vape အန္တရာယ်**

ဆောင်းပါး　စာ ၂၀

**မွန်ပြည်နယ်အတွင်း အကျဉ်း/အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား အကျဉ်းသူ ၃၉၅ ဦး လွတ်ငြိမ်းခွင့်ပြု**

ပြည်တွင်းသတင်း　စာ ၂၃

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးသည့် ဆီထွက်သီးနှံနေကြာ ရိတ်သိမ်းပြီးစီး ယခင်နှစ်ထက် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး တစ်ကေလျှင် ၁၉ တင်းကျော်ထွက်ရှိ

ပွင့်ဖြူ　ဇန်နဝါရီ　၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးရာသီက စိုက်ပျိုးသည့် ဆီထွက်သီးနှံ နေကြာစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ ယခင်နှစ်ထက် သီးနှံအထွက်နှုန်း ကောင်းမွန်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးရာသီ စိုက်ပျိုးသည့် ဆီထွက်သီးနှံနေကြာ ဧက ၉၃၀ လျာထား စိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၁၀၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ နေကြာသီးနှံ စိုက်ခင်းများမှာ ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ရှိပြီ ဖြစ်သဖြင့် ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးစီးသည့် နေကြာ တစ်ကေလျှင် ၁၉ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆



**၅ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ထူးခြားသည့် ညအပူချိန်များ**

၅ - ၁ - ၂၀၂၅

| | | |
|---|---|---|
| ဟားခါး | ၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၇ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် မနောအကဖြင့်ဆင်နွှဲနိုင်ရေး ရိုးရာအစဉ်အလာနှင့်အညီ မနောတိုင်စုပေါင်းစိုက်ထူ

**မြစ်ကြီးနား ဇန်နဝါရီ ၅**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ပြည်ထောင်စု၏ စည်းလုံးခြင်း၊ စီးပွားလာဘ်လာဘ တိုးပွားစေခြင်းနှင့် အောင်မြင်ခြင်းအထိမ်းအမှတ် မနောအကဖြင့် ဆင်နွှဲနိုင်ရေး ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ရုံးရှေ့မြက်ခင်းပြင်၌ မနောတိုင်ကို ရိုးရာအစဉ်အလာနှင့်အညီ စိုက်ထူခဲ့ကြသည်။

ဦးစွာ မနောတိုင် စိုက်ထူပွဲအခမ်းအနားကို ကတ်သလစ်အသင်းတော်မှ ဘုန်းတော်ကြီး ဖာသာ ဒေါက်တာဂေါ်လူယုံဝါ၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရဆရာတော်များ ဦးဆောင်၍ မနောပွဲဦးဆောင်သူ နောင်ရှောင်များနှင့်အတူ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းအဖွဲ့များမှ တာဝန် ရှိသူများ တက်ရောက်ကြပြီး ဝတ်ပြုပွဲအစီအစဉ်ကို သိက္ခာတော်ရဆရာတော်က ဆုတောင်းဆက်ကပ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စု၏ စည်းလုံးခြင်း၊ အေးချမ်းသာယာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရိုးရာအစဉ်အလာနှင့်အညီ မနောအကဖြင့်အောင်မြင်စွာ ကျင်းပဆင်နွှဲနိုင်ရေး ဆုမွန်ကောင်းများ တောင်းခံပေးနိုင်ရန် ပြောကြားသည်။



**မနောတိုင်စုပေါင်းစိုက်ထူ**

ဆက်လက်၍ မနောပွဲဦးဆောင်သူ နောင်ရှောင်ခေါင်းဆောင်က ရိုးရာအစဉ်အလာနှင့်အညီ မနောပွဲတော်ကျင်းပနိုင်ရေး၊ မနောတိုင်စိုက်ထူခြင်းတို့အတွက် ဆုမွန်ကောင်းများ တောင်းခံပေးကာ သိက္ခာတော်ရဆရာတော်က ကောင်းချီးပေးပြီး မနောတိုင်ကို စုပေါင်းစိုက်ထူခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်အတွင်း ပထမဆုံး နှစ်ဖက်ချောစက္ကူစာအုပ်ထုတ်လုပ်နိုင်ခဲ့သည့် ဖြိုးဝေဝေစက္ကူနှင့်စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပိုင် စက်ရုံသို့သွားရောက်ခဲ့ကြပြီး စက်ရုံအတွင်း ပလတ်စတစ်၊ စက္ကူ တစ်ရှူး ငှက်ပျော စသည့် စွန့်ပစ်ပစ္စည်းများကို ပေါင်းခံစက်ဖြင့် စက္ကူကြမ်းထုတ်လုပ်၍ ထိုမှတစ်ဆင့် အဆင့်မြင့်စက်ကြီးများဖြင့် နှစ်ဖက်ချောစက္ကူအဖြစ် ထုတ်လုပ်ဆောင်ရွက်နေမှု၊ အဆိုပါ နှစ်ဖက်ချောစက္ကူကို ကျောင်းသုံးဗလာစာအုပ်အဖြစ် ပြည်နယ်အတွင်း ဖြန့်ဝေနိုင်ရေး ရိုက်နှိပ်၍ ထုတ်လုပ်/ ထုတ်ပိုးနေမှု လုပ်ငန်းအဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဒေသတွင်း ရောင်းချဖြန့်ဖြူးနေသည့် စက်ရုံထုတ် တစ်ရှူးစက္ကူထုတ်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အဆိုပါရပ်ကွက်အတွင်းရှိ ဗလမင်းထင်စံပြစိုက်ကွင်းအတွင်း မိုးစပါးရိတ်သိမ်းပြီး ရိုးပြတ်ကျန်လယ်များတွင် သီးထပ်စိုက်စွမ်းအား တိုးတက်မြင့်မားစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူများ နွားဖြင့်ထယ်ထွန်၍ သီးထပ်အဖြစ် ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်သီးနှံ ကြဲပက်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးကြပြီး အဆိုပါ ဗလမင်းထင်စံပြစိုက်ကွင်းတစ်ခုလုံး သီးထပ်စိုက်ဧကကို ယခုနှစ်အတွက် ဧက ၅၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စက်သုံးဆီအခက်အခဲကြောင့် လယ်ထွန်စက်များ ဝင်ရောက်နိုင်ခြင်းမရှိသေးသည့်အပေါ် ထယ်ရေးဝင်နောက်ကျမှုကို ပန်းတိုင်အထွက်နှုန်းကျဆင်းမှု မရှိစေရေး၊ နည်းပညာပံ့ပိုးကူညီပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါစိုက်ကွင်းဘေးရှိ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးအတွက် တွဲကားကြီးများနှင့် စက်သုံးဆီသိုလှောင်နိုင်သည့် ဆီတိုင်ကီများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်တင်ကားကြီးများ ရပ်နားထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရေထွက်ကုန်များ ပြည်ပနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် စံပြငါးဈေးသို့ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ပင်လယ်ထွက်ကုန်အမျိုးအစား ၈၀ ခန့် ပုံမှန်ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ အအေးခန်းစက်ရုံများမှတစ်ဆင့် ရေလမ်းကြောင်းဖြင့် ပုံမှန်တင်ပို့လျက်ရှိကြောင်း အဆိုပါဈေးမှ သိရသည်။

“ပင်လယ်ပြင်က ဝင်လာတဲ့ငါး၊ ပုစွန်တွေကို ရန်ကုန်ဆိပ်ခံတံတားကနေ အအေးခန်းစက်ရုံတွေကိုတင်ပို့ပြီး အဲဒီကတစ်ဆင့် ကွန်တိန်နာနဲ့ ရေလမ်းကြောင်းကနေ ပြည်ပကိုပို့ကြတာပါ။ ပြည်ပဝယ်လက်တွေ ကိုယ်တိုင်ဆင်းပြီးမှာလို့ ပို့တာရှိသလို ကိုယ်စားလှယ်တွေကတစ်ဆင့် ပို့တာလည်း ရှိပါတယ်။ ဒီလိုပို့တဲ့အခါ ပင်လယ်ငါးအပြင် ရေချိုထွက်ကုန်တွေ ပို့နေတာလည်း ရှိတယ်။ ပင်လယ်ငါးက ရာသီမရွေးပို့ပါတယ်”ဟု ရေလုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ရန်ကုန်မြို့တွင် ပင်လယ်ငါးဖမ်းစက်လှေများ ဆိုက်ကပ်ရာဆိပ်ခံတံတား ၁၀ ခု ကျော်ရှိပြီး ယခုရက်ပိုင်းအတွင်း မြန်မာ့ပင်လယ်ပြင်မှ ပြည်ပသို့တင်ပို့သည့် ငါးနုပ်၊ ငါးတံခွန်၊ ငါးပုတ်သင်နှင့် ပုစွန်များ အဆက်မပြတ်ဝင်ရောက်လျက်ရှိသည့်အတွက် နှစ်သစ်ကူးကာလ၌ ပင်လယ်ရေထွက်ကုန်များ အရောင်းအဝယ်ကောင်းလျက်ရှိသည့်အပြင် ပြည်ပဝယ်လိုအား ကောင်းသည့် ငါးသလောက်နှင့် ကင်းမွန်များ ရန်ကုန်ဈေးကွက်သို့ ယခုလအတွင်း လှိုင်လှိုင်ဝင်ရောက်လာနိုင်ကြောင်း ငါးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဖွဲ့မာန်**

# ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ





**ဘားအံ ဇန်နဝါရီ ၅**
ကရင်ပြည်နယ် အစိုးရအဖွဲ့မှ တည်ခင်းဧည့်ခံသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲကို ဇန်နဝါရီ ၄ ရက် ညခင်းပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

**တက်ရောက်**

ဂုဏ်ပြုညစာစားပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး တက်ရောက်လာသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ ယင်းနောက် ညစာမသုံးမီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်နယ်ဂီတအစည်းအရုံးမှ တေးသံသာများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်ထက်၌ ကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို ကြည့်ရှုအားပေးကြရာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံနှင့် သင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ၊ သင်တန်းသားသင်တန်းသူများ၊ စာပေနှင့်ယဉ်ကျေးမှုအသင်းများမှ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် တက်ရောက်လာသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ရေး ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၏ ကြော်လှော် ချက်ပြုတ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၏ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ အသားတုံ၊ အားလူး၊ ပဲ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ကြော်လှော်ချက်ပြုတ် ပြင်ဆင်ထုပ်ပိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက စားသောက်ကုန်များအား ကျန်းမာရေးနှင့် သင့်လျော်ပြီး ဘေးဥပဒ်ကင်းရှင်းစေရေး စနစ်တကျ ရွေးချယ်ဝယ်ယူစုဆောင်း၍ သန့်ရှင်းသပ်ရပ်စွာ ကြော်လှော် ချက်ပြုတ်ထုပ်ပိုးနေမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များသက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၅**
သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးရှိ ရွှေဥဒေါင်းခန်းမ၌ကျင်းပရာ ပင့်ဖိတ်ထားသည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အသင်းကြီး၏ ကန်တော့ခံသက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ သံဃာတော်များထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးက အသင်း၏ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ကန်တော့ခံသက်ကြီး အသင်းဝင်များအား ဧည့်ပရိသတ်တို့က ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

**ဆုတောင်းမေတ္တာများပို့သ**

ထို့နောက်သက်ကြီးကန်တော့ခံ ဆရာသမားနှစ်ဦးက မုဒိတာစကားနှင့် ဆုံးမဩဝါဒစကားပြောကြားပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက အသင်းကြီး၏ ကန်တော့ခံသက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင် ခုနစ်ရက်သားသမီးများအားလုံး ကျန်းမာချမ်းသာပြီး ဘေးဘယာဝေးကွာကြပါစေကြောင်း နှစ်သစ်ဆုတောင်းမေတ္တာများ ပို့သခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မောင်သီဟ(MNA)**

◆ *ရွှေဖိုးမှ*

"မိုးရာသီတွင် စိုက်ပျိုးသည့် နေကြာ ၁၀၄၆ ဧကအထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုအချိန်မှာ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေအားလုံး ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ပါတယ်။ နေကြာသီးနှံက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ပြီးခဲ့တဲ့နှစ်ထက် သီးနှံအထွက်နှုန်း ကောင်းပါတယ်။ တစ်ဧကကို ၁၉ ဒသမ ၃၄ တင်း ထွက်ရှိပါတယ်။ နေကြာသီးနှံ ရိတ်သိမ်းခြွေလှေ့ခြင်းနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေ လျော့နည်းမှု မဖြစ်အောင် တောင်သူတွေကို အချိန်မီ ရိတ်သိမ်းခြွေလှေ့ကြဖို့၊ သီးနှံအရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျ သိမ်းဆည်းကြဖို့ တောင်သူပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများသည် စိုက်ပျိုးစရိတ် အကုန်အကျသက်သာပြီး သီးနှံဝင်ငွေ ပိုမိုရရှိသည့် နေကြာသီးနှံစိုက်ပျိုးရေး လုပ်ငန်းကို မိုးရာသီနှင့် ဆောင်းရာသီတွင် အားထားစိုက်ပျိုး လုပ်ကိုင်ကြကြောင်း၊ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးတောင်သူများအား သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် မိုးနေကြာစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းပြီး ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းများ ပိုမိုကောင်းမွန်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ လာရောက်ကြည့်ရှုသူများဖြင့် စည်ကား

**ထားဝယ် ဇန်နဝါရီ ၅**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ခင်းကျင်းပြသထားသော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများတွင် ယနေ့နံနက်ပိုင်းက လာရောက်ကြည့်ရှုသူ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားလျက်ရှိရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



ပြခန်းများအတွင်း၌ ဌာနဆိုင်ရာများ၏လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့် လုပ်ငန်းများ၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများနှင့် တူရိယာပစ္စည်းများ၊ ပိုလီတက္ကနစ်တက္ကသိုလ်(ထားဝယ်)မှ ပြသထားသည့် Product Show, သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းနှင့် Reference Book များ၊ ဒေသမှထွက်ရှိသော MSME ပြခန်းများ စသည့်ပြခန်း ၁၃ ခန်းကို ပြသထားသည့်အပြင် ဇန်နဝါရီ ၅ ရက် ညနေပိုင်းတွင် ဒေသခံပြည်သူများအား စင်တင်တေးဂီတများဖြင့် သီဆိုဧည့်ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်လက်မှတ်၊ ဆုငွေများချီးမြှင့်ခြင်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများကျင်းပ

**မုံရွာ ဇန်နဝါရီ ၅**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ဝန်ထမ်းများနှင့်ပြည်သူများထဲမှ တိုင်းဒေသကြီး၏ လုံခြုံတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ စားရေရိက္ခာပေါများရေးတို့အား ဆောင်ရွက်နေမှုများတွင် တစ်ထောင့်တစ်နေရာမှ စွမ်းစွမ်းတမံ ကိုယ်ကြိုးစွန့်လွှတ်ဆောင်ရွက်ခဲ့ကြသူများ၊ တီထွင်ကြံဆပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခဲ့ရာ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ယနေ့အချိန်အထိ ၆ ကြိမ်မြောက် ရှိလာပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အစွမ်းကုန်ကူညီဆောင်ရွက်ပေးမှုများကို မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှုထမ်းကောင်းဆု ၁၀၂ ဆု၊ ဇေယျာစီမံထူးချွန်ဆု(ပထမအဆင့်) ၃၀၊ ဇေယျာစီမံထူးချွန်ဆု (ဒုတိယအဆင့်) ၅၄ ဆု၊ ဇေယျာစီမံထူးချွန်ဆု (တတိယအဆင့်) ၄၀၊ ဇေယျာလယ်ယာစီးပွားထူးချွန်ဆု (တတိယအဆင့်) ၁၁ ဆု၊ ဇေယျာစက်မှုစီးပွားထူးချွန်ဆု(တတိယအဆင့်) ငါးဆု၊ ဇေယျာလူမှုထူးချွန်ဆု (ဒုတိယအဆင့်) သုံးဆုနှင့် ဇေယျာလူမှုထူးချွန်ဆု (တတိယအဆင့်) ၄၄ ဆု စုစုပေါင်းဆုရရှိသူ ၂၈၉ ဦးအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများသည် ညနေပိုင်းတွင် အဆိုပါခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဂုဏ်ပြုညစာအား အတူတကွ တပျော်တပါး စားသုံးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ်၌ ဂဲဂလိတ်ချောင်းသစ်ရေထိန်းတံခါး ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသည့် ဂဲဂလိတ်ချောင်းသစ် ရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားမှူးက ဂဲဂလိတ်ချောင်းသစ် ရေထိန်းတံခါး တည်ဆောက်ရခြင်း အကြောင်းရင်းနှင့် အကျိုးပြုမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဂဲဂလိတ်ချောင်းသစ် ရေထိန်းတံခါးသည် လှည်းကူးမြို့နယ်ဖဲခမဲကျေးရွာတွင် တည်ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ဖဲခမဲကျေးရွာအုပ်စု ကျီးကန်းသိုက်ကျေးရွာ၊ စိုင်တီကုန်းကျေးရွာနှင့် အလံတပိုကျေးရွာများရှိ တောင်သူများ၏ နွေစပါးစိုက် ဧက ၄၇၀ ကို ရေပေးသွင်းနိုင်သည့်အပြင် နွေရာသီတွင် သောက်သုံးရေ၊ စိုက်ပျိုးရေများ၊ အခြားအသုံးပြုရေများ ပြတ်လပ်ခြင်းမဖြစ်ပေါ်စေရန်နှင့် မိုးရာသီ မိုးများသောအချိန်တွင် လူနေအိမ်များနှင့် လယ်မြေကွင်းများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရန် ဒေသခံများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



ထို့နောက် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့် အောင်၊ တိုင်းဒေသကြီးဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင် ဦး၊ လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်း ဒေသကြီးဝန်ကြီးများက ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ခိုလမ်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ခိုလမ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရွှေစေတီဘုရားဝင်းအတွင်း ကျင်းပသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် အထက်တန်း၊အလယ်တန်း၊ မူလတန်းအဆင့် ကျား/မ မုန့်စားပြိုင်ပွဲ၊ မီတာ (၁၀၀)အပြေးပြိုင်ပွဲ၊ ဂုန်နီအိတ်စွတ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲများ၊ အပျော်တမ်းပြိုင်ပွဲများတွင် သံပုံးရိုက်၊ ချောတိုင်တက်ပြိုင်ပွဲ၊ ဆုဖလားပြိုင်ပွဲများတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲများကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ လူငယ်လူရွယ်များ ၊ ကျောင်းသား ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် ဝင်ရောက်ကစားခဲ့ကြသည်။

ဆက်လက်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုရရှိသူများအား မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**နေလင်းထွန်း(ပြန်/ဆက်)**




## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း နှစ်(၅၀)ပြည့်ရွှေရတု ဂုဏ်ပြုဆောင်းပါး

# တစ်ခုတည်းသောကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ အခန်းကဏ္ဍ

မောင်စော(မွေးမြူဆေးကု)၊ မွေးသု

### မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်း စတင်ပေါ်ပေါက်ခြင်း

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီး (Myanmar Veterinary Association: MVA) ကို ခေတ်မီတိုးတက်သော တိရစ္ဆာန်ဆေးပညာနှင့် မွေးမြူရေးပညာရပ်များ ပြန့်ပွားစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားရေးအထောက်အကူပြုစေရန်နှင့် ညီညွတ်စွာ ရေးရှုဆောင်ရွက်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော ပြည်သူလူထုနှင့် ၎င်းတို့မွေးမြူထားသော တိရစ္ဆာန်များ၏ အကျိုးကို ဆောင်ရွက်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်တွင် နှစ်(၅၀)ပြည့် ရွှေရတုသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

မွေးမြူရေးကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသော တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ အကျိုးကို စုစုစည်းစည်းဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် (ယခု နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ရေဆင်းသို့ ပြောင်းရွှေ့ပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အမည်သို့ ပြောင်းလဲခဲ့ပါသည်။)၊ ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန၊ ဌာနမှူး ဆရာကြီး ဒေါက်တာမောင်မောင်စ (ပါမောက္ခချုပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။) ဦးဆောင်သည့် တိရစ္ဆာန်ဆေးကုဆရာဝန်များက အသင်းအဖွဲ့တစ်ရပ်အနေဖြင့် စတင်တည်ထောင်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ်၌ အစပြုခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်း အမှတ်တံဆိပ်

ယခုအခါ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကို အသင်းဝင်တိရစ္ဆာန်ဆေးကုဆရာဝန်စုစုပေါင်း ၄၂၃၇ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦး၏ ဦးဆောင်မှုဖြင့် အသင်း၏ လှုပ်ရှားမှုများဖြစ်သည့် နှစ်စဉ်ညီလာခံကျင်းပခြင်း၊ စာတမ်းဖတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ ပြည်တွင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာနှီးနှောဖလှယ်ခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းသည် အာရှတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (Federation of Asian Veterinary Associations: FAVA) နှင့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (World Veterinary Association: WVA) တို့၏ အဖွဲ့ဝင်အသင်းတစ်သင်းဖြစ်ပြီး ပညာရပ်ဆိုင်ရာကိစ္စရပ်များလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

### တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် တစ်ခုတည်းသောကျန်းမာရေး (One Health)


ကမ္ဘာပေါ်၌ လူထုကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ ပူးပေါင်းအသွင်ဖြင့် တစ်ခုတည်းသောကျန်းမာရေးကို အထောက်အကူပြုနိုင်စေရန် တပေါင်းတစည်းတည်း လေ့ကျင့်သင်ကြားမှုကို ခံယူထားသူများတွင် တိရစ္ဆာန်ဆေးကုဆရာဝန်များလည်း အပါအဝင်ဖြစ်သောကြောင့် တစ်ခုတည်းသော ကျန်းမာရေးကဏ္ဍတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသူများဖြစ်ကြပါသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ကျရောက်သည့် World Veterinary Day 2024 ၏ ဆောင်ပုဒ်ကိုပင် "The Essential Role of Veterinarian in One Health Issue" ဟု သတ်မှတ်ခဲ့ကြပါသည်။

နယ်ပယ်မျိုးစုံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံအတွင်း နေထိုင်ကြကုန်သော တိရစ္ဆာန်ဆေးကုဆရာဝန်များသည်လည်း မြန်မာနိုင်ငံ၏ One Health နယ်ပယ်အတွင်း တိရစ္ဆာန်များ၊ ပြည်သူလူထုနှင့် ပတ်ဝန်းကျင် ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နေကြသူများပင်ဖြစ်ပေသည်။

### One Health ဆိုသည်မှာ

၁၇၆၁ ခုနှစ်၊ ပြင်သစ်နိုင်ငံ Lyon မြို့၌ ကမ္ဘာ့ပထမဦးဆုံး တိရစ္ဆာန်ဆေးပညာသင်ကျောင်းတည်ထောင်သူ ဒေါက်တာ Claude Bourgelat က ကူးစက်ရောဂါပိုးများ၏ လူနှင့် တိရစ္ဆာန်တို့အကြား အပြန်အလှန်ကူးစက်တတ်သည်ကို သတိပြုမိပြီး ၎င်းရောဂါများကို အလေးထားကြရန် စတင်တိုက်တွန်းခဲ့ပါသည်။

၂၀ ရာစုနှောင်းပိုင်းတွင် တိရစ္ဆာန်ဆေးပညာရှင်များဖြစ်ကြသည့် ဒေါက်တာ Schwabe နှင့် ဒေါက်တာ Steele တို့က "One World, One Medicine, One Health" ဟူသည့် အယူအဆကို စတင်ချပြလာခဲ့ကြပါသည်။ နောက်ပိုင်းတွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Wildlife Conservation Society: WCS) က လူနှင့် တိရစ္ဆာန်သာမက ပတ်ဝန်းကျင်ဂေဟစနစ် ကျန်းမာရေး (Ecosystem health) ကိုပါ ထည့်သွင်းပြီး "One World–One Health" အယူအဆကို အဆိုပြုခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (American Veterinary Medical Association: AVMA)က One Health ၏ အနက်အဓိပ္ပာယ်ကို **"လူသားများ၊ တိရစ္ဆာန်များနှင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တစ်ခုလုံးအတွက် အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဒေသအချင်းချင်း၊ နိုင်ငံအချင်းချင်းသာမက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကဏ္ဍပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း"** ဟု ဖွင့်ဆိုခဲ့ပါသည်။




လူထုကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့သည် တစ်ခုတည်းသော ကျန်းမာရေး (One Health) အသွင်ဖြင့် ဆက်စပ်နေခြင်း

### ကုသရေးနယ်ပယ်မှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် မြန်မာ့ One Health

မိမိတို့ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဆရာဝန်များသည် မြန်မာ့ One Health အတွက် ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေကြသလို တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်နေကြသည့် ပုဂ္ဂလိက၊ အစိုးရဌာနများနှင့် မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော တိရစ္ဆာန်ဆေးကုဆရာဝန်များသည် နာမကျန်းဖြစ်သည့် တိရစ္ဆာန်များကို ကုသခြင်း၊ ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ပိုင်ရှင်များကို တိရစ္ဆာန်ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းတို့သည် One Health အတွက် ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။

တိရစ္ဆာန်မှ လူကို ကူးစက်တတ်သည့် ခွေးရူးရောဂါ၊ ထောင့်သန်းရောဂါ စသည့်ရောဂါများကို တိရစ္ဆာန်တွင် ကာကွယ်ပေးခြင်းဖြင့် လူထုကို ၎င်းရောဂါများ မကူးစက်အောင် ကာကွယ်ပေးခြင်းဖြစ်သလို တိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိပြီး လူကိုလည်း ကူးစက်တတ်သည့် ဗက်တီးရီးယား၊ ကပ်ပါးရောဂါများနှင့် ဗိုင်းရပ်စ်ရောဂါများစွာတို့ကို ကုသပေးခြင်းသည်လည်း လူထုကို အဆိုပါရောဂါများ မကူးစက်အောင် ကာကွယ်ပြီးသား ဖြစ်စေပါသည်။

ထိုသို့ ကုသရာတွင် ဆေးယဉ်ပါးအဏုဇီဝပိုးများ မဖြစ်ပေါ်စေရန် ဂရုတစိုက်လိုက်နာ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်များနှင့် ပတ်သက်သည့် အညစ်အကြေးများ၊ မှိုနှင့် ဓာတုဗေဒအဆိပ်အတောက်များ မပျံ့နှံ့အောင် စနစ်တကျစွန့်ပစ်စေခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရာရောက်စေပြီး ပတ်ဝန်းကျင်ကျန်းမာရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်စေပါသည်။

### သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနယ်ပယ်မှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် မြန်မာ့ One Health

သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ဆောင်ရွက်နေကြသည့် တိရစ္ဆာန်ဆေးကုဆရာဝန်များသည်လည်း မြန်မာ့ One Health အတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။

**❝ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကို အသင်းဝင်တိရစ္ဆာန်ဆေးကုဆရာဝန် စုစုပေါင်း ၄၂၃၇ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦး၏ ဦးဆောင်မှုဖြင့် အသင်း၏လှုပ်ရှားမှုများဖြစ်သည့် နှစ်စဉ်ညီလာခံကျင်းပခြင်း၊ စာတမ်းဖတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ ပြည်တွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာနှီးနှောဖလှယ်ခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိ**

**လူထုကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန် ကဏ္ဍသုံးမျိုးစလုံး ပါဝင်သည့် အဖွဲ့အစည်းအချင်းချင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုအတွက် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု ဖြစ်လာပေမည် ❞**

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

သုတေသနပညာရှင် တိရစ္ဆာန်ဆေးကုဆရာဝန်များ အနေဖြင့် လူနှင့်တိရစ္ဆာန်တို့အကြား ကူးစက်တတ်သည့် ရောဂါများပျံ့နှံ့မှုကို လေ့လာခြင်း၊ ရောဂါကုသကာကွယ်ရန် နည်းလမ်းသစ်များကို ရှာဖွေခြင်း၊ ဆေးဝါးအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှာဖွေခြင်း၊ တိရစ္ဆာန်ထွက်အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပဋိဇီဝဆေးကြွင်းနှင့် ဆေးယဉ်ပါး အဏုဇီဝပိုးမွှားများပါဝင်မှု စစ်ဆေးခြင်း စသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် One Health အတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

ထို့အပြင် ဆေးပညာဆိုင်ရာ သုတေသနများတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံးတိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါကာကွယ်ဆေးဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လူထုကျန်းမာရေးကဏ္ဍများတွင်လည်း တိရစ္ဆာန်ဆေးကုဆရာဝန်များသည် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေကြပါသည်။

ထို့အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေကြသည့် တိရစ္ဆာန်ဆေးကုဆရာဝန်များသည် သုတေသနလုပ်ငန်းများအပြင် အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ကုဆရာဝန်များကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် One Health အယူအဆနှင့် ပတ်သက်သည့် သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲခြင်းဖြင့် One Health ကဏ္ဍအတွက် အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်နေကြသူများပင် ဖြစ်ပါသည်။

**အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး နယ်ပယ်မှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် မြန်မာ့ One Health**

ထို့အပြင် လူတို့စားသုံးမည့် အသားနှင့် အသားထွက်ပစ္စည်းစစ်ဆေးသူ တိရစ္ဆာန်ဆေးကု ဆရာဝန်များသည် စားသုံးမည့်အသားများ၌ ကူးစက်ရောဂါပါဝင်မှုရှိ မရှိ၊ ဓာတုဗေဒဆေးကြွင်းများ ပါဝင်မှုရှိ မရှိ စစ်ဆေးခြင်းဖြင့် မြန်မာ့ One Health အတွက် အရေးပါသည့်နေရာမှ ပါဝင်ဆောင်ရွက်နေကြသူများပင်ဖြစ်ပါသည်။ လူတို့စားသုံးမည့်အသားတွင် ဗက်တီးရီးယားပိုးများ (Salmonella, Escherichia coli, Campylobacter စသည်)၊ ကပ်ပါးပိုးများ (Toxoplasma gondii, Taenia, Trichinella စသည်)၊ ဗိုင်းရပ်စ်ပိုးများ (Hepatitis, Noroviruses, Rotaviruses စသည်)နှင့် မှိုရောဂါများပါသွားပါက လူသို့ကူးစက်နိုင်ပြီး ရောဂါဖြစ်ပွားစေနိုင်ပါသည်။

ထို့ကြောင့်လူတို့စားသုံးရန်အသားထုတ်လုပ်မည့် သက်ရှိတိရစ္ဆာန်များ၏ ကျန်းမာရေးအခြေအနေနှင့် အသားအဖြစ်သို့ ရောက်ရှိပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင်လည်း အသားတွင် ရောဂါပိုး ပါဝင်မှု ရှိ မရှိ၊ လူတို့ စားသုံးရန် သင့် မသင့်ကို တိရစ္ဆာန်ဆေးကုဆရာဝန်များက စစ်ဆေးပေးရပါသည်။ ပြည်သူများအတွက် ရောဂါကင်းစင်ပြီး သန့်ရှင်းသည့်အသားများ ဖြန့်ဖြူးပေးနိုင်ရန်နှင့် စားသုံးသူများ ဘေးကင်းမှုရှိစေရန် ဆောင်ရွက်နေကြသည့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးတာဝန်ခံ တိရစ္ဆာန်ဆေးကုဆရာဝန်များသည်လည်း မြန်မာ့ One Health အတွက် အရေးပါသူများပင်ဖြစ်ပါသည်။

**တောရိုင်းတိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် မြန်မာ့ One Health**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ပြည်သူလူထု၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် ကူးစက်ရောဂါ (ဥပမာ– Ebola, SARS, MERS, HPAI, COVID–19 စသည်) အတော်များများသည် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်သည့် ရောဂါများဖြစ်ကြပါသည်။ တောရိုင်းတိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ခြင်း၊ တောရိုင်းတိရစ္ဆာန်ကောင်ရေနှင့် ဂေဟစနစ်ကို လေ့လာခြင်း၊ ဇီဝမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် လူသို့ ကူးစက်စေနိုင်သည့် ရောဂါများကို စောင့်ကြည့်လေ့လာခြင်း စသည့်လုပ်ငန်းများတွင်လည်း တိရစ္ဆာန်ဆေးကုဆရာဝန်များ ပါဝင်ဆောင်ရွက်နေကြရပါသည်။

ထို့ကြောင့် အဆိုပါအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တိရစ္ဆာန်ဆေးကုဆရာဝန်များသည် တောရိုင်းတိရစ္ဆာန်များမှ ပြည်သူလူထုထံ ရောဂါကူးစက်မှုမရှိစေရန် တစ်ဖက်တစ်လမ်းမှ ကြိုတင်ကာကွယ်တားဆီးမှုကို ဆောင်ရွက်နေသူများဖြစ်ကြသဖြင့် မြန်မာ့ One Health အတွက် ကြိုးပမ်းလုပ်ဆောင်နေကြသူများပင် ဖြစ်ပါသည်။

**One Health အတွက် ပူးပေါင်းဆောင်ရွက်မှုများ**

လူထုကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန် ကဏ္ဍသုံးမျိုးစလုံး ပါဝင်သည့် အဖွဲ့အစည်းအချင်းချင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုအတွက် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု ဖြစ်လာပေမည်။ မြန်မာနိုင်ငံ၏ One Health ကဏ္ဍဆိုင်ရာ လှုပ်ရှားမှုများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပြည်တွင်းအစိုးရအဖွဲ့အစည်းများဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (FAO)နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့အတူ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သည်လည်း မြန်မာနိုင်ငံ၏ One Health ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးတက္ကသိုလ်(၁)၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တို့နှင့် ပူးပေါင်းကာ အရှေ့တောင်အာရှ SEAOHUN (Southeast Asia One Health University Network) ၏ အဖွဲ့ဝင် အဖွဲ့အစည်းတစ်ရပ်အဖြစ် MMOHUN (Myanmar One Health University Network)ကို ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းအနေဖြင့်လည်း One Health ကဏ္ဍဆိုင်ရာ လှုပ်ရှားမှုများကို တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ လူနေထူထပ်သည့်နေရာများတွင် ခွေးရူးရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် ခွေးများကို ခွေးရူးကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်း၊ ခွေးလေခွေးလွင့်ပွားများမှုကို ထိန်းချုပ်မှုအစီအစဉ် (Animal Birth Control–ABC)ကို Worldwide Veterinary Service (WVS) အဖွဲ့နှင့်ပူးပေါင်းကာ ခွေးများအား မျိုးပွားမှုကို ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**မြန်မာ့ One Health အတွက် မရှိမဖြစ် တိရစ္ဆာန်ဆေးကုဆရာဝန်များ**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များသည် အနာဂတ်မြန်မာ့ One Health အတွက် အောက်ပါကဏ္ဍများတွင် မရှိမဖြစ် ပါဝင်နေရဦးမည်ဖြစ်ပါသည် –

- တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် သက်သောင့်သက်သာ ဖြစ်စေရေးကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးကာ လူထုကျန်းမာရေးကို စောင့်ရှောက်ပေးခြင်း၊
- တိရစ္ဆာန်နှင့် လူတို့အကြား ကူးစက်တတ်သည့် ရောဂါဖြစ်ပွားမှုများကို စုံစမ်းစစ်ဆေးခြင်း၊ ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်/ကုသခြင်းနှင့် ၎င်းရောဂါများကို အမြစ်ပြတ်ဖယ်ရှားပစ်ရန် အစီအမံများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ရေး အစီအစဉ်များကို ဖော်ထုတ်ခြင်း၊
- ကူးစက်ရောဂါများကို ဒေသတွင်း၊ နိုင်ငံအတွင်းသာမက ကမ္ဘာလုံးဆိုင်ရာ စောင့်ကြည့်ရေးစနစ်များ တည်ထောင်ကာ ရောဂါရှာဖွေခြင်း၊ လက်ဦးမှုရယူခြင်းနှင့် တုံ့ပြန်မှုများ ဆောင်ရွက်ခြင်း၊
- မွေးမြူရေးခြံမှသည် မိသားစုထမင်းစားပွဲပေါ်အထိ ကွင်းဆက်တစ်လျှောက်လုံး အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကို သေချာစေခြင်း၊
- တိရစ္ဆာန်ကျန်းမာရေး၊ တိရစ္ဆာန်နှင့် လူတို့အကြား ကူးစက်တတ်သည့် ရောဂါကာကွယ်တားဆီးရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်သို့ ရောဂါပျံ့နှံ့မှု တားဆီးကာကွယ်ရေးဆိုင်ရာ သုတေသနများပြုလုပ်ခြင်း၊
- One Health ကဏ္ဍအတွက် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာဖြန့်ဝေရေးနှင့် သင်ကြားရေးဆိုင်ရာများတွင် ပါဝင်ခြင်း၊
- တိရစ္ဆာန်ကုသဆေးဝါးများ၊ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ၊ တိရစ္ဆာန်အစာဖြည့်စွက်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု အကဲဖြတ်ခြင်း၊
- စိုက်ပျိုးရေး၊ မွေးမြူရေးခြံများမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ပေးခြင်း၊ အန္တရာယ်ရှိ ဓာတုဆေးဝါးများကို ဘေးကင်းစွာစွန့်ပစ်ခြင်းနှင့် လုပ်ငန်းခွင်၌ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် အလေ့အကျင့်ကောင်းများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ပတ်ဝန်းကျင်ကို ကာကွယ်ပေးခြင်း၊
- ကမ္ဘာ့ဇီဝမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များကို တောရိုင်းတိရစ္ဆာန်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို အခြားဆေးပညာရှင်များသာမက ပတ်ဝန်းကျင်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် One Health ကဏ္ဍကို မြှင့်တင်ပေးခြင်း။

**ညီလာခံနှင့် စာတမ်းဖတ်ပွဲ**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီး၏ ရွှေရတုအထိမ်းအမှတ်ညီလာခံနှင့် စာတမ်းဖတ်ပွဲ အခမ်းအနားများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ Yangon Convention Center (YCC)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါအခမ်းအနားတွင် စာတမ်းဖတ်ပွဲများအပြင် ပညာရပ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပခြင်း၊ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဆေးကုမ္ပဏီများ၏ပြခန်းများ၊ အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲများ (Pet show)နှင့် ပညာပေးပြခန်းများ ပြသခြင်းတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိဂုံးချုပ်အနေဖြင့် ရွှေရတုအလွန် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းကြီးသည်လည်း အနာဂတ်၌ မြန်မာ့ One Health အတွက် ကျရာအခန်းကဏ္ဍမှ မရှိမဖြစ်ပါဝင်လှုပ်ရှားဆောင်ရွက်နေရဦးမည်ဖြစ်ပါကြောင်း အသင်းကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုအပ်ပါသည်။ ။


**မှီငြမ်းကိုးကားစာရင်း–**

Gibbs S.E. and Gibbs E.P. (2013). The Historical, Present, and Future Role of Veterinarians in One Health. Current Topics in Microbiology and Immunology 365: 31–47.

One Health MYANMAR (poster), The 33rd WOAH Regional Conference for Asia and the Pacific. New Delhi, India, 13–16 November 2023

SEAOHUN, https://www.seaohun.org/mmohun


## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထီရွေးကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်



**ပင်လောင်း ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါ့အင်ကျေးရွာအုပ်စု ထီရွေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါလမ်းပေါ်၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်လွင်လွင်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဝင်းက ထီရွေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒေသဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၆၅ သန်း စုစုပေါင်း ရန်ပုံငွေ ၁၈ ဒသမ ၆၅ သန်းကို အသုံးပြုကာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ခရီးရှည်မြင်းစီးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၂၅ခုနှစ် ထိုင်းနိုင်ငံ၌ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ Tuyin Vally တုရင်းတောင်ခြေ၌ ကျင်းပသည်။

အဆိုပါ F.E.I 1* Endurance အရှည်အချင်းစစ် ကီလိုမီတာ (၁၀၀)ပြိုင်ပွဲကြီး၏ အားကစားသမားများသည် (100km)ခရီးရှည်အတွက် စုစုပေါင်းယှဉ်ပြိုင်ချိန် ၁၃ နာရီခန့် စီးနင်းယှဉ်ပြိုင်ကြရာတွင် မိုးမြင်းစီးအသင်း ကိုယ်စားပြု အားကစားသမား သန်းနိုင်အောင်က မြင်းအမည် Tonto ကို စီးနင်း၍ ပထမ၊ မိုးမြင်းစီးအသင်း ကိုယ်စားပြု အားကစားသမားဇော်မြင့်က မြင်းအမည် စိန်ဇတ်ကြားကို စီးနင်း၍ ဒုတိယ၊ မိုးမြင်းစီးအသင်း ကိုယ်စားပြု အားကစားသမား ဆက်ပိုင်ဖြိုးက မြင်းအမည်ဇကြမ်းသားကိုစီးနင်း၍ တတိယဆုများ ရရှိခဲ့သည်။

ထို့ပြင် YECC ကိုယ်စားပြု အားကစားသမား နန်းကိုဝင်းက မြင်းအမည် ထွန်းတောက်ကို စီးနင်း၍ စတုတ္ထနေရာမှ လည်းကောင်း၊ A သုံးလုံး မြင်းစီးအသင်း ကိုယ်စားပြု အားကစားသမား ဖြိုးကျော်မြင့်သန်းက မြင်းအမည် ရွှေကျားလေးကိုစီးနင်း၍ ပဉ္စမ နေရာမှလည်းကောင်း အရှည် အချင်းပြည့်မီကာ အောင်မြင်မှုများ ရှိခဲ့ကြသည်။

(60km) အရှည်အချင်းစစ် ပြိုင်ပွဲတွင် ပါဝင်ခဲ့သော ထီလာ မြင်းစီးအသင်း ကိုယ်စားပြု အားကစားသမားအောင်မြတ်ထွန်းက မြင်းအမည် ရွှေဘားမားကို စီးနင်း၍ အရှည်အချင်းပြည့်မီကာ အောင်မြင်မှုရရှိခဲ့ကြသည်။




ထို့နောက် ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနား ဆက်လက် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦး၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်တို့က ဆုများချီးမြှင့်သည်။ ယင်းပြိုင်ပွဲသို့ အားကစားသမား ၁၁ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

# ကျောင်းကုန်းမြို့၌ (မြို့နယ်အဆင့်) ပညာရေးစုံညီပွဲတော် ကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၅

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မြင့်တို့က ဂုဏ်ပြုစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်သော တိုင်းဒေသကြီးအဆင့်(အထူးဆု)အဖြစ် စဉ်ဆက်မပြတ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိသည့် အ.မ.က ဒေါင့်ကွေး ကျောင်းအုပ်ဆရာကြီး ဦးထွန်းနိုင်လင်းအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။ အ.ထ.က(၁) ကျောင်းသူများက "မမပုသိမ်သူ" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ပြီး အ.လ.က (ပျားဇလက်) မှ Grade 6 ကျောင်းသူ မထရေစီဖန်းက "မြင့်မြတ်နှလုံးသား ပိုင်ရှင်" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။ အ.မ.က(မြို့မ) ကျောင်းသူလေးများက "ရတနာပုံ" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ပြီး အ.ထ.က(ခွဲ)အောက်ပိုင်း ကျောင်းသား ကျောင်းသူများက "ထာဝရမြန်မာ" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဖေဖော်ဝါရီလတွင် ကျင်းပမည့် နီပေါအမျိုးသမီးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအပါအဝင် လေးသင်းယှဉ်ပြိုင်မည်ဟု နီပေါဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်

ဖေဖော်ဝါရီလတွင် ကျင်းပမည့် နီပေါဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအပါအဝင် လေးသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နီပေါဘောလုံးအဖွဲ့ချုပ်က ပြီးခဲ့သည့်ရက်ပိုင်းတွင် သတင်းထုတ်ပြန်သည်။

နီပေါ ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အတွင်း ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နီပေါအသင်း၊ မြန်မာအသင်း၊ ကာဂျစ္စတန်အသင်း၊ လက်ဘနွန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ နီပေါဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကျင်းပမည့်ပုံစံ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပတ်လည်စနစ်ဖြင့် ကျင်းပဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာလလယ်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလား အမျိုးသမီးခြေစစ်ပွဲနှင့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။


မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိက ကိုင်တွယ်လျက်ရှိပြီး ပဏာမ ကစားသမား ၃၂ ဦး ရွေးချယ်ထားသည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

# သာစည်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကာယဉာဏဆုများချီးမြှင့်

သာစည် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယဉာဏပြိုင်ပွဲဆုများကို ယမန်နေ့က မြို့နယ်ခန်းမ၌ ချီးမြှင့်သည်။

(၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့်ကဗျာရွတ်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဌာနပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် အလွတ်တန်းသုံးယောက်တွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ဆုရရှိသည့်အသင်းများနှင့် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဆုဖလား၊ ဆုတံဆိပ်များနှင့် ဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❊ ကျောဖုံးမှ

ဆက်လက် ကြုံတွေ့ခဲ့ရသည်။ ပြိုင်ဘက် အာဆင်နယ်အသင်းကလည်း ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရသည်။

အာဆင်နယ် အသင်းသည် အိမ်ရှင် ဘရိုက်တန်အသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ ပွဲကစားချိန် ၁၆ မိနစ်တွင် မာရီနို၏ ဖန်တီးမှုကို အီသန်အဆုံးသတ် သွင်းယူနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး တရစပ်တိုက်စစ်ဆင် ကစားလာသော ဘရိုက်တန်အသင်းသည် ပွဲကစားချိန် ၆၁ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို အသင်းတိုက်စစ်ကစားသမား ပက်ဒရို အမှားအယွင်းမရှိ အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၀) မှ အခြားပွဲစဉ်ရလဒ်များတွင် ဘရန့်ဖို့ဒ်က ဆောက်သမ်တန်ကို ငါးဂိုး-ဂိုးမရှိ၊ မန်စီးတီးက ဝက်စ်ဟမ်းကို လေးဂိုး-တစ်ဂိုး၊ အက်စ်တွန်ဗီလာက လက်စတာကို နှစ်ဂိုး-တစ်ဂိုး၊ ဘုန်းမောက်က အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က စပါးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

❖ ကျောဖုံးမှ

သုံးပွဲတွင် နှစ်မှတ်သာရရှိသေးသည်။ နာမည်ကြီး MIU အသင်းမှာမူ ရာနှုန်းပြည့်နိုင်ပွဲရခဲ့ပြီး ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် MH Dream Team အသင်းမှာလည်း လက်ရှိချန်ပီယံ VUC အသင်းကို အနိုင်ကစားနိုင်ခဲ့သည်။ ပွဲစဉ် (၃)တွင် MIU အသင်းက SGF အသင်းကို သုံးဂိုး-ဂိုးမရှိ၊ MH Dream Team အသင်းက VUC အသင်းကို လေးဂိုး-သုံးဂိုး၊ M2K အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-နှစ်ဂိုး၊ YCDC Marga အသင်းက Winner Soccer အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး YRG အသင်းနှင့် Generations အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် MIU အသင်းက ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ခုနစ်မှတ်၊ Generations အသင်းက ငါးမှတ်၊ VUC အသင်းနှင့် M2K အသင်းတို့က လေးမှတ်စီ၊ YCDC Marga အသင်းနှင့် SGF အသင်းက သုံးမှတ်စီ၊ YRG အသင်းနှင့် Winner Soccer အသင်းတို့က နှစ်မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက တစ်မှတ် ရရှိထားသည်။

**ရဲရင့်လွင်**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့် ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## မြဝတီမြို့၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအစားအစာများရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**မြဝတီ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းရှိ ပြည်သူများအနေဖြင့် ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းအနေဖြင့် အစားအသောက်များ ဖွင့်လှစ်ရောင်းချသည့်ဆိုင်များကိုကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းကမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးနိုင်မိုးကို၊ ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး (အစားအသောက်) ဦးသာနိုင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်နန်းမြအောင်နှင့်ပူးပေါင်းအဖွဲ့တို့သည် ရေသန့်စက်ရုံ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ ထမင်းဆိုင်၊ မုန့်ဖတ်အရောင်းဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ကဖေးဆိုင်တို့တွင် တည်ခင်းရောင်းချနေသည့်အစားအသောက်များသည် သန့်ရှင်းသပ်ရပ်လတ်ဆတ်မှု ရှိ မရှိ၊ ယင်လုံအောင်ဖုံးအုပ်ထားခြင်း ရှိ မရှိ၊ အသုံးပြုနေသည့် ရေသန့်ရှင်းမှု ရှိ မရှိနှင့် မသန့်ရှင်းသောရေ၊ အစားအသောက်များမှတစ်ဆင့် ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားတတ်၍ သတိပြုလိုက်နာရမည့်အချက်များကို အသိပညာပေးဆောင်ရွက်ပြီး တစ်ပတ်အတွင်း လက်လုပ် အစားအသောက်များ ရောင်းချခြင်းမပြုကြရေး ရှင်းလင်းပြောကြားသည်။

မြဝတီမြို့နယ် အတွင်းရှိ ပြည်သူများ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်ခြင်းအနေဖြင့် ကျန်ရှိသည့်ဈေးများ၊ အစားအသောက်ရောင်းချသည့် ဈေးဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ပြီး အလားတူ ညပိုင်းတွင်လည်း ရပ်ကွက်အလိုက် မြို့တွင်းလမ်းမကြီးများ၊ လမ်းသွယ်လူစည်ကားရာနေရာတို့၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ သတိပေးနှိုးဆော်ချက်များကို အသံချဲ့စက်ဖြင့် နှိုးဆော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)




သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာနောက်ဆုံးပတ်က ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ မိုမိုရီ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့ရ ၂၂၅ ဦးတို့အတွက် သက်ဆိုင်ရာဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းစဉ်။

နေလင်းအောင်(ပြန်/ဆက်)

## တိမ်အနည်းငယ်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့် တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။ ပုံ(၁)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စခန်း ၁၀ စခန်းမှ မိုးရေနမူနာများ စုဆောင်း ရယူခဲ့ပါသည်။ မိုးရေ နမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၁၀ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေ အတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ် ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့်စခန်း ၁၀ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | | | |
|---|---|---|---|---|---|
| ၁ | မိုင်းဆတ် | ၆.၉ | ၅ | မှော်ဘီ | ၆.၆ |
| ၂ | ဟားခါး | ၆.၈ | ၆ | ပဲခူး | ၆.၉ |
| ၃ | ပြင်ဦးလွင် | ၆.၉ | ၇ | တောင်ငူ | ၆.၈ |
| ၄ | ကလေးဝ | ၇.၂ | ၈ | ဘီးလင်း | ၆.၅ |
| | | | ၉ | ဘားအံ | ၆.၉ |
| | | | ၁၀ | ကော့သောင်း | ၆.၈ |

## စာပေဆိုင်ရာပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်

**မင်းဘူး ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် ကျင်းပခဲ့သော စာပေ ဆိုင်ရာပြိုင်ပွဲများနှင့် အားကစား ပြိုင်များတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်း အနားကို ဇန်နဝါရီ ၄ ရက်က မင်းဘူးမြို့ ခရိုင်ပြည်သူ့အားကစား ကွင်းအတွင်း၌ ကျင်းပသည်။




(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေ ဆိုင်ရာပြိုင်ပွဲများအဖြစ် မင်းဘူး (စကု)မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ (ထက်၊ လယ်၊ မူ)အဆင့် ကျပန်း၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲ များ၊ အားကစားပြိုင်ပွဲများ အဖြစ် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲများအပြင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ များအဖြစ် ချောတိုင်တက် (ငှက်ပျောတုံး)၊ လွန်ဆွဲ၊ ခေါင်းအုံး ရိုက်၊ အင်္ကျီဝတ်၊ အာလူးကောက်၊ ဂိုးသွင်း စသည့်ပြိုင်ပွဲများကို သတ်မှတ်ရက်အလိုက် ကျင်းပ ခဲ့ရာ ကျောင်းသားလူငယ်လေး များက စိတ်ပါဝင်စားပြီး ပျော်ရွှင် စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများတွင် စာပေဆိုင်ရာပြိုင်ပွဲ၌ ၃၁ ဆုနှင့် အားကစားနည်းမျိုးစုံတွင် ဆုရ ရှိခဲ့ကြသူများအားလုံးကို မင်းဘူး ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

**မောင်မောင် (မင်းဘူး)**



မကွေးတိုင်းဒေသကြီး ချောက်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေး နေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ချောက်ခရိုင် စုပေါင်းရုံးဝင်း အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ဖတ်ကြားစဉ်။

ကျော်မိုး(ပြန်/ဆက်)

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ပြခန်း၊ ပြိုင်ပွဲများ ကျင်းပ

**အင်းပူ ဇန်နဝါရီ ၅**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသားလူငယ်များနှင့် နိုင်ငံ့အနာဂတ် လူစွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန် အဟုန်မြင့်မားလာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် နိုင်ငံတော်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ် ရှိန်မြှင့်တင်ရေးပွဲတော်များကို ယနေ့နံနက်ပိုင်းက အထက(အင်းပူ) ကျောင်း၌ ပြခန်းများနှင့် ပြိုင်ပွဲများကို ကျင်းပသည်။

ပြိုင်ပွဲများကို အင်းပူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊



ကဗျာရွတ်ပြိုင်ပွဲ၊ စကားရည်လု ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပ ပေးသည်။ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ခါးကွင်းလှည့် ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆန်ကောရွက်၊ စကားပုံဆက်နှင့် အရုပ်ဆက်ပြိုင်ပွဲ များ ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

ထို့အပြင် ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုနိုင်ရန် လုပသာယာ ပြည်မြန်မာဓာတ်ပုံပြခန်းနှင့် ဖွံ့ဖြိုးဝေစည်ရောဝတီပြိုင်ပွဲ ဝင် ဓာတ်ပုံပြခန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ စာအုပ်ပြခန်း၊ အခြေခံပညာဦးစီးဌာနမှ သင်ထောက်ကူပြခန်း၊ ပန်းချီ ပြခန်း၊ ထူးကြီးကြီးပွားရေးစာကြည့်တိုက်ပြခန်း၊ ကြက်ခြေနီပြခန်းများ နှင့်စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်အရောင်းဆိုင် နှစ်ဆိုင်မှ ဈေးနှုန်းသင့်တင့်စွာဖြင့် စာအုပ်များကို ရောင်းချပေးရာ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသူများက လေ့လာကြည့်ရှုအားပေး ကြသည်။

အဆိုပါ ပြခန်း၊ ပြိုင်ပွဲများ၊ လူငယ်စကားဝိုင်းနှင့် ဖျော်ဖြေရေးအစီ အစဉ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဌေး နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးသည်။

**မန်းကျော်(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သို့ ပေးပို့သော သဝဏ်လွှာအား ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော် ခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က ဖတ်ကြားစဉ်။ ကိုဆက်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ

ဟားခါး ဇန်နဝါရီ ၅

**(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။**




အလံတင်အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်ခဲ့ပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ချင်းပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဒေါက်တာဝုန်ဆွန်းထန်က ဖတ်ကြားသည်။

ထို့နောက် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲနှင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ဗလာစာအုပ်နှင့် ဘောပင်များကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်ကလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းကလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးကလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား စစ်ဗျူဟာအခြေချ(ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စိုးဝင်းထွန်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **ခရိုင်(ပြန် /ဆက်)**

# မှော်ဘီမြို့နယ် မြောက်ချောကုန်း - ရွှေစီးယင်းကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲကျင်းပ

**မှော်ဘီ ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သော မှော်ဘီမြို့နယ် မြောက်ချောကုန်း- ရွှေစီးယင်း ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပ သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က ကွန်ကရစ် လမ်းသစ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြောက်ချောကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်အေးအေးပိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်၊ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ ညောင်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်အေးအေးပိုင်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည် ပေ ၇၀၀၀၊ ဒု ခုနစ်လက်မ၊ အကျယ် ၁၂ ပေရှိပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၂၉ ဒသမ ၈၈၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**

# ကျိုက်ထိုမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ကျိုက်ထို ဇန်နဝါရီ ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အောင်ဆန်းအားကစားကွင်း၌ ကျင်းပသည်။

အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသား၊ အမျိုးသမီးအပြေးပြိုင်ပွဲ၊ မီတာ ၄၀၀ အမျိုးသား၊ အမျိုးသမီးအပြေးပြိုင်ပွဲ၊ သုံးချောင်းထောက်(ကျား)ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်(ကျား/မ)ပြိုင်ပွဲ၊ အာလူးကောက်(ကျား/မ)ပြိုင်ပွဲ၊ ဘောလုံးဂိုးသွင်းပြိုင်ပွဲများကို ပြုလုပ်ပြီး ဆုရရှိသူများအား ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးခဲ့သည်။ **ကျိုက်ထို(ပြန်/ဆက်)**



# ငပုတောမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ငပုတော ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်ဇော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် စံပြမိခင်နှင့် ကလေးပြိုင်ပွဲတွင် အသက် ငါးနှစ်အောက် ကလေးငယ်များကို ကိုယ်အလေးချိန် တိုင်းတာ၍ စစ်ဆေးပေးခြင်း၊ နို့တိုက်မိခင်မှ အစာအာဟာရမျှတစွာ ကျွေးမွေးခြင်း၊ ကာကွယ်ဆေးထိုး မှတ်တမ်းများကို မေးမြန်းစစ်ဆေးခဲ့ပြီး အသက် ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား Vitamin(A)ဆေး တိုက်ကျွေးခြင်းနှင့် အသက် နှစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ်များကို သန်ချဆေး တိုက်ကျွေးခဲ့သည်။

ဆက်လက်ပြီး စံပြမိခင်ဆု၊ စံပြကလေးဆုရရှိသည့် မိခင်အားဆုများ ချီးမြှင့်ပေးအပ်ပြီး ကလေးငယ်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာစည်မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းများ သရုပ်ပြလေ့ကျင့်

**သာစည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းများ သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုနည်းများပြသပေးကာ မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းများ ပူးပေါင်းသရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ
ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

# ကော့သောင်းမြို့နယ် ရေထွက်ပစ္စည်းသမအသင်းများက ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချ

**တနင်္သာရီ ဇန်နဝါရီ ၅**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ချမ်းမြေ့ကျော် ရေထွက်ပစ္စည်းနှင့် အထွေထွေ ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၊ သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေ ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်အသင်းများမှ ယနေ့အထိ ရေခန်ပုစွန်နှင့် ရေခန်ငါး ၂၃၃၉၁၀၂ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၀၃၈ ဒသမ ၈၂၇ သန်း ဖြန့်ဖြူးရောင်းချခဲ့သည်။



သမဝါယမကဏ္ဍက ရေခန်ပုစွန်နှင့် ရေခန်ငါးများကို ပြည်တွင်း၌ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စျေးနှုန်းချိုသာစွာ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပေါင်မြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**ပေါင် ဇန်နဝါရီ ၅**
မွန်ပြည်နယ် ပေါင်မြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အ.ထ.က ပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက ပညာရေးစုံညီသီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းညွန့်တင်က ပညာရေးစုံညီပွဲတော် ကျင်းပပေးရသည့်ရည်ရွယ်ချက်နှင့် ပေါင်မြို့နယ်အတွင်း ပညာရေးကဏ္ဍဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက လူရည်ချွန်ဘက်စုံထူးချွန်ဆု၊ မြို့နယ်အဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု၊ အဆို၊အက




အရေး၊ အတီးပြိုင်ပွဲ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဆု စသည့် ကဏ္ဍအလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

# ညောင်လေးပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်မြောက် ချေးငွေထုတ်ပေး

**ညောင်လေးပင် ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းရွာကျေးရွာအုပ်စု သာလူကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျ



စေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သာလူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၄ ဦးကို သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၈၈ သိန်းကို နေ့ချင်းအပြီး အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်



# သာကေတမြို့နယ်၌ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၅**
(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သာကေတမြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက သာကေတမြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲကျော်သူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် အားကစားသမား ၂၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အာကာစိုး



# မော်လမြိုင်မြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်

**မော်လမြိုင် ဇန်နဝါရီ ၅**
(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဇန်နဝါရီ ၄ ရက်က ပျော်ရွှင်စွာ ကျင်းပသည်။

အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ရပ်ကွက်၊ ကျေးရွာများ၌ ထုပ်ဆီးတိုး၊ ဆန်ကောရွက်၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်၊ မုန့်စား၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ အပ်ထိုး၊ လွန်ဆွဲ၊ အပြေးပြိုင်ပွဲများ စသည့် ပျော်ရွှင်ဖွယ်အားကစားနည်းများကို ပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ရာ တာဝန်ရှိသူများက ပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများ ပေးအပ်ခဲ့သည်။

ခရိုင် (ပြန်/ဆက်)

# မိုးနဲမြို့နယ် ဆွမ်မရမ်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်း

**မိုးနဲ ဇန်နဝါရီ ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကွန်နားကျေးရွာအုပ်စု ဆွမ်မရမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နမ့်စန်ခရိုင် ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဆွမ်မရမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၆၄၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ၂၂



## နှုတ်ပိတ်ကြေးပေးမှုအတွက် နယူးယောက်တရားရုံးက ထရမ့်ကို စီရင်ချက်ချမည်ဟုဆို

**နယူးယောက် ဇန်နဝါရီ ၅**

ရွေးကောက်ခံသမ္မတ ဒေါ်နယ် ထရမ့်ကို နှုတ်ပိတ်ကြေးပေးမှုအတွက် ၎င်း၏ကျမ်းသစ္စာ ကျိန်ဆိုပွဲမတိုင်မီ ဇန်နဝါရီ ၁၀ ရက်တွင် စီရင်ချက်ချသွားမည်ဖြစ်ကြောင်း နယူးယောက်ပြည်နယ်တရားရုံးက ပြောကြားလိုက်သည်။

အပြာမယ်တစ်ဦးကို နှုတ်ပိတ်ကြေးပေးခဲ့မှုနှင့် ပတ်သက်ပြီး ကွယ်ဝှက်ရန် စီးပွားရေးမှတ်တမ်း အတုအယောင်ပြုလုပ်ခဲ့မှုအတွက် ပြီးခဲ့သည့် မေလတွင် ထရမ့်ကို အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် ရာဇဝတ်မှုနှင့် ပြစ်ဒဏ်ချမှတ်ခံရသည့် ပထမဆုံး အမေရိကန်သမ္မတ ဖြစ်လာခဲ့သည်။

ထရမ့်၏ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ခြေရှိသည့်အတွက် တရားရုံးက စီရင်ချက်ချမှုကို ရွှေ့ဆိုင်းခဲ့သည်။ ထရမ့်အား ၎င်း၏စီရင်ချက်ချရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ အဝေးမှဖြစ်စေ နာခံစေခွင့်ရမည်ဟု တရားရုံးက ပြောကြားသည်။



ထရမ့်၏ ရှေ့နေများက စီရင်ချက်ချမှုကို ရပ်တန့်ရန် ကြိုးပမ်းသွားဖွယ်ရှိပြီး ၎င်း၏သမ္မတသက်တမ်း အသစ်ပြီးမြောက်သည်အထိ ရွှေ့ဆိုင်းနိုင်ကြောင်း အမေရိကန်မီဒီယာများက ပြောသည်။

အင်န်အိတ်ချ်ကေ

## အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၁၉၀၀ နှင့် အိုက်စ် ၃၂ ကီလိုဂရမ်သိမ်းဆည်းရမိ

**ကဘူးလ် ဇန်နဝါရီ ၅**

အာဖဂန်အာဏာပိုင်များသည် နိုင်ငံအနောက်ပိုင်း နင်ရော့ဇ်ပြည်နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၁၉၀၀ နှင့် အိုက်စ် ၃၂ ကီလိုဂရမ် သိမ်းဆည်းရမိကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရုံးမ ဒုတိယဝန်ကြီးက ဇန်နဝါရီ ၅ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ပြည်နယ်၏ မြို့တော် ဇာရန်ဂျေမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရှိခဲ့ပြီး အဆိုပါအမှုနှင့်ပတ်သက်၍ သံသယရှိသူကို ဖမ်းဆီးခဲ့ကြောင်း မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၄ ရက်က ရဲတပ်ဖွဲ့သည် ဇာရန်ဂျေမြို့ရှိ ယာဉ်တစ်စီးကို ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေး ၃၂ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး သံသယရှိသူတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အသက်အကြီးဆုံးဟု သတ်မှတ်ထားသည့် ဂျပန်အမျိုးသမီး အသက် ၁၁၆ နှစ်တွင် ကွယ်လွန်

**တိုကျို ဇန်နဝါရီ ၅**

အသက် ၁၁၆ နှစ်အရွယ် ဂျပန်အမျိုးသမီးကြီး တိုမီကိုအိုက်တိုကာသည် ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။ အီတိုကာသည် အာရှီယာမြို့ရှိ ၎င်းနေထိုင်ရာ သက်ကြီး ဂေဟာတွင် ဒီဇင်ဘာ ၂၉ ရက်က ကွယ်လွန်သွားခဲ့ပြီဟု ဟယိုဂိုခရိုင် မြို့တော်အစိုးရက ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။



၎င်းသည် ၁၉၀၈ ခုနှစ် မေလအတွင်းက မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ အတွင်းက အိုဆာကာခရိုင် ကာရှီဝါယာမြို့မှ အသက် ၁၁၆ နှစ်အရွယ် ဖူဆာတာစုမိ သေဆုံးသွားခဲ့ပြီးနောက် ဂျပန်နိုင်ငံအတွင်း တိုမီကိုသည် အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။

တိုမီကို အိုက်တိုကာသည် စပိန်နိုင်ငံမှ အသက် ၁၁၇ နှစ်အရွယ် မာရီယာဘရန်ယက်စ် သေဆုံးသွားခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိသည့်အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းတွင် စာရင်းဝင်ခဲ့သည်။

ဆင်ဟွာ

## အီရန်နိုင်ငံက ကာရမန်ရှားပြည်နယ်၌ အကြီးစားစစ်ရေးလေ့ကျင့်မှု စတင်

**တီဟီရန် ဇန်နဝါရီ ၅**

အီရန် အစ္စလာမ္မစ်တော်လှန်ရေး အစောင့်တပ် (အိုင်ဂျီအာရ်စီ) သည် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံအနောက်ပိုင်း ကာရမန်ရှားပြည်နယ်၌ အကြီးစားစစ်ရေးလေ့ကျင့်မှု စတင်ခဲ့ကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

Great Prophet 19 ဟု အမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အိုင်ဂျီအာရ်စီကြည်းတပ်၏ အထူးတပ်ဖွဲ့များနှင့် ပူးပေါင်းဌာနများမှ တပ်ဖွဲ့ဝင်များ ပါဝင်သည်ဟု အစီရင်ခံဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်မှု ပထမအဆင့်၌ လျင်မြန်စွာတုံ့ပြန်မှုစစ်ဆင်ရေးတွင် ကာရမန်ရှားပြည်နယ် အာဗရာမန်တောင်တန်းဒေသသို့ တပ်ဖွဲ့ဝင်များနှင့် စစ်ဘက်သုံးပစ္စည်း ကိရိယာများကို မြန်ဆန်စွာပြောင်းရွှေ့ရေး လေ့ကျင့်ခန်းများ ပါဝင်သည်ဟု ဆိုသည်။

အိုင်ဂျီအာရ်စီ၏ ထုတ်ပြန်ချက်အရ ယခုစစ်ရေးလေ့ကျင့်မှုတွင် အသစ်တီထွင်ထားသော စစ်ရေးပစ္စည်း ကိရိယာများကို စမ်းသပ်အသုံးပြုသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဆင်ဟွာ



## ရွှေ ၁၁ ဒသမ ၃ ကီလိုဂရမ် တရားမဝင်ရောင်းဝယ်ဖောက်ကားသူ သုံးဦးကို သီရိလင်္ကာရေတပ် ဖမ်းဆီး

**ကိုလံဘို ဇန်နဝါရီ ၅**

သီရိလင်္ကာရေတပ်သည် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံပြင်ပသို့ ရွှေ ၁၁ ဒသမ ၃ ကီလိုဂရမ် တရားမဝင် ရောင်းဝယ်ဖောက်ကားသူ သုံးဦးကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။

**အကောက်ခွန်ကြပ်မတ်ရေးရုံးသို့ လွှဲပြောင်းပေး**

သီရိလင်္ကာနိုင်ငံ၏ အနောက်မြောက်ပိုင်း ပြည်နယ် ကဲလ်ပီတီယာကမ်းလွန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ရေတပ်က ပြောသည်။ အဆိုပါရွှေထည်ပစ္စည်းများနှင့် သံသယရှိသူများကို ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် ကတ္တူနိုက်မြို့ အကောက်ခွန်ကြပ်မတ်ရေး ရုံးသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ပုံမှန်ကင်းလှည့် ဆောင်ရွက်ခြင်းများလုပ်ဆောင်**

သီရိလင်္ကာရေတပ်သည် တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများကို တိုက်ဖျက်ရန် ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တွင် ပုံမှန်ရှာဖွေ စစ်ဆေးမှုများနှင့် ကင်းလှည့်ဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက် ရှိသည်။

ဆင်ဟွာ

## ဩစတြေးလျနိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်း၌ အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျ၊ နှစ်ဦးသေဆုံး

**ဆစ်ဒနီ ဇန်နဝါရီ ၅**

ဩစတြေးလျနိုင်ငံ အရှေ့ပိုင်း ဆစ်ဒနီ၏ မြောက်ဘက်ကမ်းရိုးတန်း၌ အပေါ့စားလေယာဉ် တစ်စင်းပျက်ကျမှု ဖြစ်ပွားသဖြင့် နှစ်ဦးသေဆုံးကြောင်း သိရသည်။

ဇန်နဝါရီ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီက ဆစ်ဒနီမြောက်ဘက် ၄၀၀ ကီလိုမီတာခန့်အကွာ နမ်ဘူကာဟက်စ်မြို့အနီး သမုဒ္ဒရာအတွင်း အပေါ့စား လေယာဉ်ပျက်ကျခဲ့ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် ရဲတပ်ဖွဲ့က ဇန်နဝါရီ ၄ ရက်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အခင်း ဖြစ်ပွားရာနေရာ၌ ယာဉ်ပေါ်ပါလေယာဉ်မှူးနှင့် ခရီးသည်တို့ သေဆုံးခဲ့ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် ရဲတပ်ဖွဲ့က ဆိုသည်။



လေယာဉ်အပျက်အစီးများကို ပင်လယ်ကမ်းခြေ၏ ၁ ဒသမ ၅ ကီလိုမီတာခန့်အကွာတွင် တွေ့ရှိခဲ့ကြောင်း ဩစတြေးလျအသံလွှင့်အဖွဲ့က (အေဘီစီ) က ထုတ်ပြန်ထားသည်။

လေယာဉ်ပျက်ကျမှု ဖြစ်ပွားရာနေရာသို့ ရေကြောင်းရဲ၊ လူနာတင်ယာဉ်အဖွဲ့များနှင့် ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းကို စေလွှတ်ခဲ့ကြောင်း သိရသည်။ ကမ်းရိုးတန်းတစ်လျှောက် အပျက်အစီးများ မျောပါလာကြောင်း သိရသည်။

ဩစတြေးလျ သယ်ယူပို့ဆောင်ရေး၊ ဘေးကင်းရေးဗျူရို (အေတီအက်စ်ဘီ) နှင့် အတူ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း နယူးဆောက်ဝေးလ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆင်ဟွာ

## အီဂျစ်က ဆီးရီးယားသို့ အကူအညီပေးရေး လေယာဉ်တစ်စင်း စေလွှတ်




**ကိုင်ရို ဇန်နဝါရီ ၅**

အီဂျစ်နိုင်ငံသည် ပြီးခဲ့သည့်လအစောပိုင်းက ဆီးရီးယားသမ္မတဟောင်း ဘတ်ရှာအယ်လ်အာဆက် အစိုးရပြုတ်ကျချိန်မှစကာ ပထမဆုံးအကြိမ်အဖြစ် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်သို့ ကယ်ဆယ်ရေးလေယာဉ်တစ်စင်း စေလွှတ်ခဲ့ကြောင်း သိရသည်။

အီဂျစ်လခြမ်းနီက ဆီးရီးယားအာရပ်လခြမ်းနီသို့ ကူညီပေးအပ်ခဲ့သည့် အီဂျစ်အဲအရပ်ဘက်လေယာဉ်သည် အစားအစာနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီ ၁၅ တန် သယ်ဆောင်လာကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဒမတ်စကတ်ရှိ အီဂျစ်သံရုံးမှ သံတမန်က လေဆိပ်၌ အကူအညီများ ရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါ အကူအညီသည် နှစ်နိုင်ငံ သမိုင်းဝင်ဆက်ဆံရေးကို ပေးအပ်သည့် ဆီးရီးယားပြည်သူများအားကူညီရန် အီဂျစ်နိုင်ငံ၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## အစ္စရေးရှိ ဓာတ်အားပေးစက်ရုံကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ဟု ဟူသီအဖွဲ့ပြော



**ဆာနား ဇန်နဝါရီ ၅**

ယီမင်ရှိ ဟူသီသူပုန်များသည် အစ္စရေးရှိ အိုရော့ရေဘင် ဓာတ်အားပေးရုံကို ပစ်မှတ်ထားကာ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဇန်နဝါရီ ၄ ရက်တွင် အတည်ပြုခဲ့သည်။

အစ္စရေးနိုင်ငံ တောင်ပိုင်း ဟိုင်ဖာရှိ အိုရော့ရေဘင်စက်ရုံကို ပစ်မှတ်ထား တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ဟု ဟူသီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ယာ့ယာဆာရီယာက ပြောသည်။

အဆိုပါစစ်ဆင်ရေးကို ပဲ့ထိန်းဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ပစ်မှတ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။

ထိုစဉ် အစ္စရေးမီဒီယာများတွင် ယီမင်နိုင်ငံဘက်က ပစ်လွှတ်လိုက်သည့် ဒုံးကျည်ကို အောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်ဟု ဖော်ပြထားသည်။

အစ္စရေးသို့ ဟူသီများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် အမေရိကန်နှင့် ဗြိတိန် ပူးပေါင်းရေတပ်သည် ယီမင်နိုင်ငံ ဆတ်ဒါးမြို့အရှေ့ပိုင်းသို့ ပစ်မှတ်ထားကာ တိုက်ခိုက်မှုသုံးကြိမ်ပြုလုပ်ခဲ့ကြောင်း ဟူသီပိုင် အယ် – မာရှီရာ ရုပ်သံတွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုမှာ ဆတ်ဒါးမြို့ရှိဟူသီများကို ပစ်မှတ်ထားကာတိုက်ခိုက်ခြင်း ဖြစ်ကြောင်း ဒေသခံများက လူမှုကွန်ရက်မီဒီယာတွင် ပြောသည်။

**ဆင်ဟွာ**

## အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြန်လည်စတင်စဉ် ဂါဇာဒေသတွင် သေဆုံးသူဦးရေ များပြားလာ

**ဂါဇာ ဇန်နဝါရီ ၅**

အစ္စရေးနှင့် ဟားမားစ်တို့ကြား အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲများပြန်လည်စတင်စဉ် ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူ ၄၁ ဦးခန့်ရှိကြောင်း သိရသည်။ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက်က ကာတာနိုင်ငံ၌ စတင်ခဲ့သည်။

သို့သော်လည်း ဇန်နဝါရီ ၄ ရက်တွင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ၄၁ ဦးခန့် သေဆုံးခဲ့သည်ဟု ပါလက်စတိုင်း မီဒီယာများတွင်ဖော်ပြထားသည်။

ထို့ကြောင့် ဂါဇာဒေသ၌ သေဆုံးသူဦးရေမှာ ၄၅၇၁၇ ဦးအထိရှိလာကြောင်း ဂါဇာ ကျန်းမာရေး အာဏာပိုင်များက ပြောသည်။ စေ့စပ်ညှိနှိုင်းမှုများနှင့် ပတ်သက်၍ အစ္စရေးအာဏာပိုင်များသည် တိုးတက်မှုအပေါ် သတိကြီးစွာထားကြောင်း အစ္စရေးမီဒီယာတွင် ဖော်ပြသည်။

ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများ မည်သို့ပြန်လွှတ်ပေးမည်ဆိုသည့် ကိစ္စရပ်အပေါ် နှစ်ဖက်ကြားသဘောထားကွဲလွဲမှုများရှိကြောင်း သိရသည်။




အစ္စရေးတို့သည် ဇန်နဝါရီလအတွင်း ဥပဒေအသစ်ကို အသက်ဝင်အောင်ပြုလုပ်ရန် စီစဉ်နေပြီး အဆိုပါဥပဒေမှာ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး အေဂျင်စီကို တိုင်းပြည်အတွင်း အလုပ်လုပ်ခွင့်ပိတ်ပင်သွားမည့် အချက်ပင်ဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ဟားမားစ်တို့၏နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုတွင် အဆိုပါ အေဂျင်စီမှဝန်ထမ်းအချို့ ပါဝင်သည်ဟု စွပ်စွဲထားသည်။

**အင်န်အိတ်ချ်ကေ**

## နယ်သာလန်နိုင်ငံ၌ နှင်းကျရောက်မှုကြောင့် လေကြောင်းလိုင်း ၇၀ ခန့် ပယ်ဖျက်

### အဝါရောင်သတိပေးချက် ထုတ်ပြန်

**အမ်စတာဒမ် ဇန်နဝါရီ ၅**

နယ်သာလန်နိုင်ငံ၌ ဇန်နဝါရီ ၅ ရက်တွင် နှင်းကျရောက်မှုကြောင့် မြို့တော် အမ်စတာဒမ်၏ Schiphol လေဆိပ်၌ ယာဉ်မတော်တဆမှုဖြစ်ပွားသည့်အပြင် ဒါဇင်နှင့်ချီသည့်လေကြောင်းလိုင်းများ ပယ်ဖျက်ခြင်းနှင့် နှောင့်နှေးခြင်းအပါအဝင် ခရီးသွားလာမှုကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း နေရာအများအပြားတွင် အဝါရောင်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ဒတ်ချ်အမျိုးသားမိုးလေဝသဌာနက ဆိုသည်။

ယခုသတိပေးချက်သည် အဓိကအားဖြင့် နိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် အကျုံးဝင်ပြီး နှင်းကျမှုကြောင့် လမ်းချော်ခြင်းနှင့် မြင်နိုင်စွမ်းလျော့နည်းခြင်းတို့အတွက် သတိပေးထားကြောင်း သိရသည်။

နှင်းကျမှုကြောင့် လေကြောင်းလိုင်း ၇၀ ခန့်ကို ပယ်ဖျက်ခဲ့ပြီး အထူးသဖြင့် ဥရောပခရီးစဉ်များကို ထိခိုက်စေကြောင်း Schiphol လေဆိပ်မှပြောရေး ဆိုခွင့်ရှိသူက အတည်ပြုထားသည်။ နှင်းကျသည့်အခြေအနေများကြောင့် နယ်သာလန်နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုပွားခဲ့သော်လည်း ယခုအချိန်အထိ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

မိုးလေဝသဌာနက ခရီးသည်များ မိုးလေဝသအခြေအနေသတင်းကို သိရှိရန်နှင့် ခရီးသွားလာနေစဉ် သတိရှိရန် အကြံပြုထားကြောင်း သိရသည်။ **ဆင်ဟွာ**

## လစ်ဗျားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းစစ်ဒေသတွင် ရာဇဝတ်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးစတင်

**ထရီပိုလီ ဇန်နဝါရီ ၅**

အနောက်ဘက် ကမ်းရိုးတန်းစစ်ဒေသတွင် အကြီးစားရာဇဝတ်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးကို ဇန်နဝါရီ ၄ ရက်တွင် စတင်လုပ်ဆောင်ခဲ့ကြောင်း လစ်ဗျားကာကွယ်ရေးဝန်ကြီးဌာန အနောက်ဘက်ကမ်းရိုးတန်းစစ်ဒေသက ပြောသည်။

ရာဇဝတ်မှုတိုက်ဖျက်ရေး ပထမအဆင့်တွင် နိုင်ငံ၏မြို့တော်ထရီပိုလီ၏ အနောက်ဘက် ၄၅ ကီလိုမီတာခန့်အကွာ ဇဝီရာမြို့တွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစစ်ဆင်ရေး၏ နောက်ကွယ်တွင် မည်သည့်နိုင်ငံရေးရည်ရွယ်ချက်မျှမရှိဟု ကြေညာချက်တွင် ငြင်းဆိုထားကာ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်ရည်ရွယ်ကြောင်း အလေးပေးဖော်ပြထားသည်။

အနောက်ဘက်ကမ်းရိုးတန်းစစ်ဒေသသည် စက်သုံးဆီမှောင်ခိုရောင်းဝယ်ဖောက်ကားမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု မြင့်တက်လာသောကြောင့် ဇဝီရာမြို့ ဒေသခံများအား စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း သံသယရှိသောနေရာများမှ ရှောင်ရှားကြရန် တိုက်တွန်းထားသည်။ **ဆင်ဟွာ**

## ဩစတြေးလျတွင် ရေလွှာလျှောစီးသမားကို လိုက်လံရှာဖွေခြင်း အဆုံးသတ်

**ကန်ဘာရာ ဇန်နဝါရီ ၅**

ငါးမန်းကိုက်ခံရသည့် ရေလွှာလျှောစီးသမားကို လိုက်လံရှာဖွေမှုအဆုံးသတ်လိုက်ပြီဟု ဆောက်ဩစတြေးလျပြည်နယ် အာဏာပိုင်များက ပြောသည်။

အသက် ၂၈ နှစ်အရွယ် လန့်စ်အက်ပဲဘီ ဆိုသူသည် အက်ဒဲလစ်မြို့ အနောက်ဘက် ကီလိုမီတာ ၄၈၀ အကွာရှိ ဂရန်းနစ် ကမ်းခြေတွင် ဇန်နဝါရီ ၂ ရက်က ရေလွှာလျှောစီးစဉ် ငါးမန်းတစ်ကောင်က ၎င်းကို တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်သက်သေများက တွေ့မြင်ခဲ့သည်။

ထိုသို့ တွေ့ရှိပြီးနောက် ပင်လယ်ပြင်တွင် ၎င်းကိုရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ ရှာဖွေမှုလေးရက်ကြာမြင့်ပြီးနောက် ရှာဖွေမှုအဆုံးသတ်လိုက်ပြီဟု ရဲများက ပြောသည်။ လေးရက်ကြာ ရှာဖွေခဲ့သော်လည်း ၎င်း၏အလောင်းကို တွေ့ရှိခဲ့ခြင်းမရှိဟု ရဲများက ပြောသည်။

ရှာဖွေမှုတွင် ပါဝင်ခဲ့သူများအားလုံးကို ကျေးဇူးတင်ကြောင်း ရဲများက ပြောသည်။ ဂရန်းနစ်ကမ်းခြေအပါအဝင် ၂၀၂၃ ခုနှစ်အတွင်း ဆောက်ဩစတြေးလျ ပြည်နယ်ကမ်းရိုးတန်းတွင် ငါးမန်းကိုက်မှု သုံးခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ၊ ဂုဏ်ပြုဖျော်ဖြေပွဲနှင့် ချီးမြှင့်ပွဲအခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ၊ ဖျော်ဖြေပွဲနှင့် ချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် ညနေပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။




ထို့နောက်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ် (ရဲဗလ) ချီးမြှင့်ခံရသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် Golf ပြိုင်ပွဲတွင် တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် အထူးဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဒုတိယဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ လူမှုရေးအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# အိမ်မဲမြို့နယ် အ.ထ.က (၂) ကျောင်း၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**အိမ်မဲ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အ.ထ.က (၂) ကျောင်း ပညာ့ဗိမာန်ခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပြပွဲ၊ ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။




အခမ်းအနားတွင် အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်ဝင်းက စုံညီပွဲတော်အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ထူးချွန်ကျောင်းများ၊ စံပြဆုရဆရာနှင့် မြို့နယ်အဆင့် အင်္ဂလိပ်စာ /သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ (၂၀၂၄ - ၂၀၂၅) ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ဆုနှင့် ပြပွဲ/ပြိုင်ပွဲဆုရရှိသော ကျောင်းသား ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားတွင် အ - ထ - က(၁)၊ အ- ထ-က (၂) ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး အခမ်းအနားသို့ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**



၁၉၈၅ ခုနှစ် ဥပဒေတွဲ့ရကျောင်းသားများ၏ အနှစ် (၄၀) ပြည့် ပတ္တမြားရတု အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ ၅ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပစဉ်။

အောင်မြင့်(ပြန်/ဆက်)

# သာစည်မြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**သာစည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ကျောင်းသူလေးများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် တေးသီချင်းဖြင့် ကပြဖျော်ဖြေပြီးအခမ်းအနားကို ဖွင့်လှစ်ကာ မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ပညာရေးစုံညီပွဲတော်ကျင်းပခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်တို့၌ ဉာဏစွမ်းရည်၊ ကာယစွမ်းရည်နှင့် စာရိတ္တထူးချွန်သူများအား မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများနှင့် ဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ ဆက်လက်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများဖြင့်သီဆိုကပြဖျော်ဖြေခဲ့ကြသည်။




အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ စားသုံးဆီဖူလုံရေးအတွက် ဆီနေကြာစိုက်ပျိုးထားရှိ

**ညောင်ရွှေ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မနေသုခ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ ရောင်နီဦးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းနှင့် မြပုလဲ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတို့မှ ဆီနေကြာစိုက်ပျိုးထားရှိမှု အခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ညွှန်ကြားရေးမှူးက ဆီနေကြာစိုက်ပျိုးရာတွင် မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု၊ မြေအမျိုးအစားအပေါ် မူတည်၍ ရေရရှိရေး ဆောင်ရွက်မှုနှင့် နေကြာသီးနှံအထွက်နှုန်း တိုးမြှင့်စေရေး စိုက်ပျိုးရေးပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ ထွက်ရှိလာသော နေကြာများကို အသင်းစုပိုင် ဆီကြိတ်စက်ဖြင့် ကြိတ်ခွဲစေပြီး ဖြန့်ဖြူးရောင်းချသွားနိုင်ရေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မော်ဘီမြို့နယ် အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မော်ဘီ ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က မော်ဘီမြို့နယ် အားကစားကွင်း၌ ကျင်းပရာ မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးက အမှာစကားပြောကြားသည်။

ထို့နောက် မော်ဘီမြို့နယ်



စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက်(၁၃)နှစ်အောက် အခြေခံ ပညာကျောင်းပေါင်းစုံ ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲကို အထက (ရွှေမြယာ)နှင့် နယ်မြေ(၄) FC အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ နယ်မြေ(၄) FC အသင်းက အထက (ရွှေမြယာ)အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ပထမဒိုင်းဆုရရှိခဲ့ပြီး ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**

## ဘီးလင်း၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ



**ဘီးလင်း ဇန်နဝါရီ ၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ဘီးလင်းမြို့နယ် အထက(ဘီးလင်း) ကျောင်း ပည္စအားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်က မြို့နယ်အဆင့် စုံညီပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် လူရည်ချွန်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ၊ ကမ္ဘာ့ခရီးသွားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ Mitsubishi Children`s Enikki Festa (ပန်းချီ)ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ စက်ရုံနှစ်ရုံသို့ ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် မြစိမ်းရောင်စက်မှုဇုန်အတွင်းရှိ Golden & Five Myanmar Co., Ltd. အထည်ချုပ်စက်ရုံ၊ Myanmar I-Tex Garment Co., Ltd. အထည်ချုပ်စက်ရုံ၊ Welcombine Leather Myanmar Co., Ltd. အိတ်ချုပ်စက်ရုံနှင့် Myanmar Rui Xin Shoes Co., Ltd. ဖိနပ်ချုပ်စက်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသူနှင့်



ဦးစီးအရာရှိ ဦးစိုးမင်းတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်မေသီထက်နွေကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် လူရည်ချွန်ဆုများ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် ပထမဆုရရှိသူများ၊ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ပထမဆုရရှိသူများ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုရရှိသူများ၊ စာစီစာကုံး၊ ကဗျာဆုရရှိသူများ၊ ဗဟိုအဆင့်၊ တိုင်းအဆင့် အားကစားဆုများ၊ မြို့နယ်အဆင့် အားကစားဆုများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**



## ကဝမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းများဆောင်ရွက်

**ကဝ ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းကို ဇန်နဝါရီ ၃ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီအဖွဲ့တို့ ပူးပေါင်းကာ



ဈေးအတွင်း လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးချိတ်၊ မီးကပ်ထားရှိမှုများ ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ဂတ်(စ်)မီးငြိမ်းသတ်နည်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြခြင်းကို ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

## ပန်းတနော်မြို့ အထက(၁)၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ပန်းတနော် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ အထက(၁)ကျောင်း၌



၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ငွေဌေးက တစ်နှစ်တာ လုပ်ဆောင်မှုများ၊ ကျောင်း၏ တိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ချက်များနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွင်း ဉာဏ ပြိုင်ပွဲများနှင့် စုံညီပွဲတော် အထိမ်းအမှတ် ကာယပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် အလှူရှင်များက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနဆိုင်ရာပေါင်းစုံ အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၅

**ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနဆိုင်ရာပေါင်းစုံ အမျိုးသားအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။**



ဌာနပေါင်းစုံ အမျိုးသားအမှတ်ပေးဘောလုံး ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ပြည်နယ်စည်ပင်သာယာရေးနှင့် စီးပွားရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးကောလိပ်မှ ဆရာ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြရာ ပြည်နယ်စည်ပင်သာယာရေးအသင်းက အနိုင်ရရှိသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆုရရှိသူ၊ အကောင်းဆုံး ဂိုးသမားဆုရရှိသူ၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများအား ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုကို ချီးမြှင့်ပေးကြပြီး တတိယဆုရရှိသော အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၁၅ သိန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်နယ်စည်ပင်သာယာရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် သိန်း ၃၀ ကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးက လည်းကောင်း၊ ပထမဆုရရှိသော စီးပွားရေးရာအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် သိန်း ၅၀ ကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ချီးမြှင့်ပေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မော်လမြိုင်မြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းက အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးက ပညာရေးစုံညီပွဲတော် ကျင်းပပေးရသည့် ရည်ရွယ်ချက်နှင့် မော်လမြိုင်မြို့နယ်အတွင်း ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့် ကျောင်းများ၊ လူရည်ချွန် ဘက်စုံထူးချွန်ဆု၊ မြို့နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု၊ အဆိုအကအရေးအတီး ပြိုင်ပွဲ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဆု စသည့်ကဏ္ဍအလိုက် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**သထုံ ဇန်နဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး သထုံမြို့နယ်ပညာရေးမှူး ဦးမြင့်ထွေးက ပညာရေးစုံညီပွဲတော်ကျင်းပပေးရသည့် ရည်ရွယ်ချက်နှင့် သထုံမြို့နယ်အတွင်း ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လူရည်ချွန်ဘက်စုံထူးချွန်ဆု၊ မြို့နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု၊ အဆိုအကအရေးအတီးပြိုင်ပွဲ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဆု စသည့်ကဏ္ဍအလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကျင်းပ

**ကွမ်းခြံကုန်း ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းခြံကုန်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရဲတင့်က အမှာစကားပြောကြားပြီး အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် လူရည်ချွန်ဆု၊ အင်္ဂလိပ်စာထူးချွန်ဆု၊ သင်္ချာထူးချွန်ဆု၊ ဆိုကရေးတီးပြိုင်ပွဲ၊ အဆိုဆု၊ စာစီစာကုံးဆု၊ ပန်းချီဆု၊ ကျပန်းစကားပြော ပြိုင်ပွဲဆု၊ သင်ကြားမှုစွမ်းရည်ဆု၊ ကျောင်းကောင်စီလှုပ်ရှားမှုဆု၊ စိမ်းလန်းစိုပြည်ရေးဆု၊ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးဆု၊ G-5 All A ဆု၊ G-9 All A ဆု၊ မြန်မာ့အမျိုးသား အားကစား စားပွဲတင်တင်းနစ်ဆု၊ အမျိုးသမီးဘော်လီဘော တိုင်းလက်ရွေးစင်ဆု၊ (၂၅)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲတွင် အဆိုဆုနှင့် သင်ထောက်ကူ ဖန်တီးမှုဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၁၈၀ အား ဆုတံဆိပ်ပေါင်း ၂၂၉ ဆုကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့သည်။




**ဆွေနွယ်(ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်) ခန်းမဆောင်၌ ကျင်းပရာ ကျောင်းသားကျောင်းသူလေးများက "စုံညီပွဲတော် ဒို့နွဲပျော်" သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ကာ နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းကြည်ဝင်းက စုံညီပွဲတော်ကျင်းပရခြင်း အကြောင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ ကျော်ဇေယျာလင်း (တာချီလိတ်)



# ရမည်းသင်းမြို့ အထက(၅)၌ ပညာရေးစုံညီပွဲတော်ကျင်းပ



**ရမည်းသင်း ဇန်နဝါရီ ၅**

ရမည်းသင်းမြို့ အထက(၅) မြို့မကျောင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းအတွင်းရှိ အားကစားခန်းမ၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်အောင်ဦးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ပညာရည်ချွန်ဆုများကို ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ကြပြီး ကျောင်းသားကျောင်းသူများက အကပဒေသာ/သရုပ်ဖော် ဇာတ်လမ်းများဖြင့် ဖျော်ဖြေကပြကြကြောင်း သိရသည်။

၂၁၄

# လူငယ်နှင့် Vape အန္တရာယ်

ဝင်းထွဋ်ဦး

**အရင်တုန်းက လူငယ်တွေ၊ ကျောင်းသားအရွယ်လေးတွေကို မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြောပြခဲ့ဖူးပါတယ်။ အဓိကက ဆေးလိပ်သောက်တာ လုံးဝရှောင်သင့်တယ်ဆိုတာပါ။ ဆေးလိပ်သောက်ရင် လူ့သက်တမ်းတိုစေတယ်၊ ကင်ဆာရောဂါတွေဖြစ်စေတယ် စတဲ့ ဆိုးကျိုးတွေပဲ ရနိုင်တယ်။ ဆေးလိပ်သောက်တဲ့အကျင့်ကို လုံးဝအစမလုပ်ပါနဲ့၊ ငြင်းပယ်သင့်တယ်ဆိုတာကို အကြိမ်ကြိမ်ပြောခဲ့တယ်။ ကျောင်းစာပေဟောပြောပွဲမှာလည်း ထည့်ပြောပြခဲ့တယ်။ အတန်းလစ်ပြီး ကျောင်းပြင်ပမှာ ဆေးလိပ်စီးကရက်လေး လက်ကြားညှပ်ပြီး စတိုင်ထုတ်ကြတဲ့ကလေးတွေ ဆေးလိပ်ရဲ့ဆိုးကျိုးကို သိသွားတယ်။ သိလို့ရှောင်သွားကြတယ်။**



> ❝ ကျောင်းသားအရွယ် လူငယ်လေးတွေရော ကျောင်းပြင်ရောက် လူငယ်လူရွယ်လေးတွေကိုပါ ပြောချင်တာက ဆေးလိပ်ဖြတ်ဖို့ Vape သောက်တာ၊ ခေတ်မီချင်လို့ Vape သောက်တာ၊ ဘယ်လို အကြောင်းကြောင့်ဖြစ်စေ Vape ဟာ မသောက်သင့်တဲ့အရာ ဖြစ်တယ်။ Vaping မလုပ်ကြပါနဲ့။ စီးကရက် ဆေးလိပ်တို့လိုပါပဲ၊ ခပ်ဝေးဝေးကနေ လုံးဝကို ရှောင်သင့်တဲ့အရာ ဖြစ်ပါတယ် ❞

အခုလက်ရှိမှာက ကျောင်းသားအရွယ် လူငယ်လေးတွေရဲ့ စတိုင်ထုတ်ပုံ ပြောင်းသွားကြပါတယ်။ လက်ကြားမှာ စီးကရက်လေးနဲ့ဆိုတာ မဟုတ်တော့ပါဘူး။ လည်ပင်းကြိုးဆွဲလေးနဲ့ သေးသွယ်လှပတဲ့ Vape Pen လေးက အစားထိုးနေရာယူနေပါပြီ။ အရောင်မျိုးစုံတွေ၊ ပုံစံအမျိုးမျိုးနဲ့ လာတဲ့ Vape Device လေးတွေက သူတို့လေးတွေအတွက် သပ်ရပ်ကြော့မော့ စတိုင်ကျနေတယ်လို့ ထင်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

အနံ့အရသာမျိုးစုံနဲ့ ဆွဲဆောင်ထားတဲ့အတွက် အခုနောက်ပိုင်းမှာ သုံးစွဲသူလူငယ်တွေ၊ ကျောင်းသားတွေ သိသိသာသာတိုးလာပါတယ်။ လူငယ်တွေဟာ ပုံမှန်ဆေးလိပ်စီးကရက်ထက် Vape ကို ပိုပြီးနှစ်သက်လာကြတယ်။ အကြောင်းကတော့ Vape ဟာ ဆေးလိပ်ထက် ပိုပြီးအန္တရာယ်နည်းတယ်လို့ မှားယွင်းစွာ ယုံကြည်နေကြလို့ပဲဖြစ်ပါတယ်။ အမှန်တကယ်က Vape ရဲ့ အန္တရာယ်ဟာ ကြီးမားပါတယ်။ ဆေးလိပ်ထက်တောင် အန္တရာယ်ရှိပြီး Vape သုံးစွဲမှုရဲ့ဆိုးကျိုးတွေ များလွန်းပါတယ်။ Vape လုပ်တယ်ဆိုတာ E-cigarette ကထွက်တဲ့ အငွေ့တွေ ရှူရှိုက်တာကို ခေါ်ပါတယ်။ Vaping ဆိုတာက E-cigarette နဲ့ Vape Pen အစရှိတဲ့ လက်ကိုင်ကိရိယာတစ်ခုခုထဲကို ဓာတုရည် (E-liquid) ထည့်ပြီး အပူပေးလိုက်တယ်၊ အပူပေးလို့ရလာတဲ့ အငွေ့ကိုရှူရှိုက်တာ ဖြစ်ပါတယ်။

စီးကရက်ဆေးလိပ်တို့ သောက်တာဟာ ဆေးရွက်ကြီး (tobacco) ကို မီးရှို့ပြီး ရတဲ့အငွေ့ကို ရှူရှိုက်တာပါ။ Vaping ကတော့ E-liquid အငွေ့ကို ရှူသွင်းတာဖြစ်တယ်။ E-cigarette (Electronic Cigarette)တို့၊ (Vape Pen)တို့ ဆိုတာက E-liquid အရည်ကို အပူပေးပြီး ရှူရှိုက်သွင်းဖို့ အသုံးပြုတဲ့ ကိရိယာတစ်ခု ဖြစ်တယ်။ E-liquid ကို E-cigarette Vape Pen ထဲ ထည့်ပြီး အငွေ့ရှူကြတယ်။ E-liquid မှာ ရေငွေ့၊အရသာရှိစေတဲ့အရာ(Flavoring)၊ စွဲလမ်းတတ်တာအပြင် ကျန်းမာရေးအတွက် အန္တရာယ်ရှိတဲ့ နီကိုတင်းဓာတ် (Nicotine)နဲ့ အငွေ့အဖြစ် ပြောင်းလဲဖို့သုံးတဲ့ Propylene glycol glycerin (အလှဆီ) တို့ ပါဝင်ပါတယ်။ E-cigarette နဲ့ Vape Pen တွေက ထွက်တဲ့အငွေ့တွေမှာ လူကိုအန္တရာယ်ပေးစေတဲ့ ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ကင်ဆာဖြစ်စေတဲ့ ပစ္စည်း ၄၀ ကျော် ပါဝင်နေပါတယ်။ အဲဒီဓာတ်ပစ္စည်းတွေက နှလုံးနဲ့ သွေးလှည့်ပတ်မှုကို ထိခိုက်စေပါတယ်။ အဆုတ်ကို ထိခိုက်စေတယ်။ သွားနဲ့ခံတွင်းကိုလည်း ပျက်စီးစေတဲ့အပြင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေပါတယ်။

အဲဒီဓာတုပစ္စည်းတွေကို မီးနဲ့အပူပေးလိုက်တဲ့အခါမှာ ဓာတ်ပြုကြပြီး Formaldehyde တွေ ထွက်လာပါတယ်။ ထွက်လာတဲ့အထဲက တချို့ဟာ အဆိပ်အတောက်ဖြစ်စေပြီး ကင်ဆာရောဂါအထိ ဖြစ်စေနိုင်ပါတယ်။ E-cigarette နဲ့ Vape Pen တွေမှာပါတဲ့ နီကိုတင်းဟာ သာမန်ဆေးလိပ်မှာ ပါဝင်တဲ့ နီကိုတင်းထက် ပိုမိုသန့်စင်အောင် ပြုလုပ်ထားပြီး ထုတ်ထားတာ ဖြစ်ပါတယ်။ နီကိုတင်းပါဝင်မှု ပိုများတာကြောင့် Vape ရှူလိုက်ရင် အသက်ရှူလမ်းကြောင်းထဲဝင်သွားတဲ့ နီကိုတင်းပမာဏဟာ သာမန်ဆေးလိပ်တစ်လိပ်ကို ရှူလိုက်လို့ ဝင်လာတဲ့ ပမာဏထက် ပိုများတာ သေချာနေပါတယ်။ ဒါ့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေ ဖြစ်စေတဲ့အပြင် လေဖြတ်တာ၊ ခြေလက်တွေ သွေးကြောပိတ်ပြီး ပုပ်တာ၊ ဦးနှောက်နဲ့ အာရုံကြောတွေ ထိခိုက်တာ၊ဆီးချိုသွေးချိုဖြစ်တာ၊ ဟော်မုန်းတွေ ပုံမှန်မဖြစ်တော့တာ၊ အရိုးတွေပွတာ၊ ကြွက်သားတွေနာကျင်တာနဲ့ အသက်တိုစေတာ စတဲ့ နီကိုတင်းကြောင့်ဖြစ်ရတဲ့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေကို ခံစားရမှာဖြစ်တယ်။

နီကိုတင်းအပြင် အနံ့အရသာ မျိုးစုံပါနေတယ်။ အဲဒါတွေကိုလည်း ဓာတုပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့အတွက် ခန္ဓာကိုယ်တစ်ခုလုံးကို oxidation ဓာတ်တိုးစေပြီး အသားအရေ ရောင်ရမ်းတာ၊ ဖူးရောင်တာတွေဖြစ်စေတယ်။ အာခေါင်ခြောက်တာ၊ ချောင်းဆိုးတာကစလို့ အသက်ရှူလမ်းကြောင်းကိုလည်း ထိခိုက်ပျက်စီးစေပါတယ်။ Vaping တစ်ခါတစ်ရှိုက်ရှူလိုက်ရုံနဲ့ နှလုံးခုန်နှုန်းတက်လာတယ်၊ သွေးပေါင်အနည်းငယ်တက်တယ်။ ဒါဟာ တစ်ကြိမ်တစ်ခါပဲ ရှိပါသေးတယ်။ ဆေးလိပ်တစ်လိပ်ကို ၇-၈ ကြိမ်လောက် ရှူလိုက်ရင် ကုန်ဆုံးသွားနိုင်ပေမယ့် E- cigarette တစ်လိပ်၊ Vape Pen တစ်ခုက Vaping အကြိမ် ၃၅၀ အထိ ရှူရှိုက်နိုင်ပါတယ်။ အကြိမ်ရေများလေလေ ရောဂါတွေရဖို့ များလေလေ ဖြစ်တယ်။ ရှူရှိုက်တဲ့အကြိမ်များလာရင်၊ သုံးစွဲတဲ့ ကာလကြာလာရင် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါတွေအပြင် လေဖြတ်ရောဂါတွေဖြစ်ဖို့ ရာနှုန်းများပါတယ်။ ဓာတုပစ္စည်းတွေ မီးရှို့ရာက ထွက်လာတာကို ရှူရှိုက်လိုက်တာဖြစ်လို့ အဆုတ်ကို ထိခိုက်စေပါတယ်။ အဆုတ်ကို တိုက်ရိုက်ဖျက်ဆီးပါတယ်။ ဓာတ်မှန်ရိုက်ကြည့်မှ အဆုတ်မှာ အဖြူရောင်အလုံးတွေ တွေ့ရလေ့ရှိပါတယ်။ လေပြွန်တွေရောင်ရမ်းပြီး အဆုတ်မှာ ပြန်မကောင်းနိုင်တော့တဲ့ ပေါက်ပေါက်ဆုပ်လို အမာရွတ်တွေ ဖြစ်တတ်ပါတယ်။ ကြောက်စရာ အကောင်းဆုံး အနေအထားလို့တောင် ပြောနိုင်တယ်။

> ❝ နီကိုတင်းပါဝင်မှု ပိုများတာကြောင့် Vape ရှူလိုက်ရင် အသက်ရှူလမ်းကြောင်းထဲဝင်သွားတဲ့ နီကိုတင်းပမာဏဟာ သာမန်ဆေးလိပ်တစ်လိပ်ကို ရှူလိုက်လို့ ဝင်လာတဲ့ပမာဏထက် ပိုများတာသေချာနေပါတယ်။ ဒါ့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေ ဖြစ်စေတဲ့အပြင် လေဖြတ်တာ၊ ခြေလက်တွေ သွေးကြောပိတ်ပြီးပုပ်တာ၊ ဦးနှောက်နဲ့ အာရုံကြောတွေ ထိခိုက်တာ၊ ဆီးချိုသွေးချိုဖြစ်တာ၊ ဟော်မုန်းတွေ ပုံမှန်မဖြစ်တော့တာ၊ အရိုးတွေပွတာ၊ ကြွက်သားတွေနာကျင်တာနဲ့ အသက်တိုစေတာ စတဲ့ နီကိုတင်းကြောင့်ဖြစ်ရတဲ့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေကို ခံစားရမှာဖြစ် ❞

Vape ကြောင့် အဆုတ်ထိခိုက်ပြီး EVALI ဖြစ်ပွားသူတွေရှိနေသလို အသက်ဆုံးရှုံးခဲ့ရတဲ့ သူတွေလည်းရှိခဲ့တယ်ဆိုတာကို မှတ်တမ်းတွေမှာ တွေ့ရတယ်။ အခုလို အန္တရာယ်တွေများလွန်းနေလို့ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူနဲ့ မက္ကဆီကို အစရှိတဲ့ နိုင်ငံတွေမှာ Vape သုံးစွဲတာ၊ E-cigarette သောက်သုံးတာကို ပြင်းထန်စွာ တားမြစ်ကန့်သတ်ထားပါတယ်။ ကျန်တဲ့ကမ္ဘာတစ်ဝန်းက နိုင်ငံတွေမှာလည်း တားမြစ်မှုလုပ်ဆောင်ဖို့အစီအစဉ်တွေ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ Vape ကနေထွက်တဲ့ Vapor (ရေငွေ့)ကို ရှူရှိုက်ကြတာဖြစ်တယ်။ မီးခိုးငွေ့မဟုတ်လို့ အန္တရာယ်မဖြစ်ပါဘူးလို့ အထင်မှားနေကြတယ်။ ဆေးလိပ်လုံးဝမသောက်ဖူးတဲ့ လူငယ်တွေက E-cigarette ကို အန္တရာယ်ကင်းတယ် ထင်ပြီး သုံးနေကြတယ်။ Vaping ဆိုတာက ဆေးလိပ်သောက်တာနဲ့ အတူတူပါပဲ၊ အဆုတ်ကို အန္တရာယ်ပေးနိုင်တယ်ဆိုတာ သိဖို့လိုပါတယ်။ နားလည်ဖို့အရေးကြီးပါတယ်။ စီးကရက်သောက်တဲ့သူ မှုတ်ထုတ်လိုက်တဲ့ အငွေ့တွေကို ရှူလိုက်ရတဲ့ သူဟာ ဆေးလိပ်မသောက်ဘဲနဲ့ ဆေးလိပ်သောက်တဲ့သူနဲ့တန်းတူ ရောဂါရစေပါတယ်။ ဒီလိုပါပဲ Vape ရှိုက်တဲ့သူတွေဆီကထွက်လာတဲ့ Vapor ကို ရှူမိတဲ့ သူတွေဟာလည်း Vape ရှိုက်တဲ့သူတွေနီးပါးကို အန္တရာယ်ဖြစ်ပါတယ်။

E-cigarette ကို စတင်ထုတ်လုပ်ခဲ့တဲ့ ပထမဦးဆုံးရည်ရွယ်ချက်က ဆေးလိပ်သောက်သူတွေ ဆေးလိပ်ဖြတ်ရာမှာ အစားထိုးအသုံးပြုနိုင်ဖို့ ထုတ်ခဲ့တာပါ။ တဖြည်းဖြည်းနဲ့ အခုဆိုရင် E-cigarette တို့၊ Vape Pen တို့ဟာ လည်ပင်းဆွဲပြီး စတိုင်ထုတ်ရင်း Vape သောက်နေကြတဲ့ ဆယ်ကျော်သက်တွေနဲ့ လူငယ်လူရွယ်တွေအတွက် ဖြစ်လို့နေပါတယ်။ အခုလူငယ်တွေနဲ့ လူလတ်ပိုင်းတွေကြားထဲမှာ E-cigarette၊ Vape Pen သောက်တာဟာ ခေတ်စားလာတာကတော့ အမှန်ပဲဖြစ်နေပါတယ်။ ဆေးလိပ်လုံးဝမသောက်ဖူးတဲ့ လူငယ်တွေရော စီးကရက်သောက်နေဆဲ လူငယ်တွေပါ E-cigarette ကို အန္တရာယ်ကင်းတယ်လို့ အထင်မှားပြီး သုံးနေကြလို့ သုံးစွဲတဲ့လူငယ်တွေ များလာပါတယ်။ အမှန်က သူ့မှာပါဝင်တဲ့ နီကိုတင်းဟာ စွဲလမ်းစေလို့ လူငယ်တွေကြားမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုလာတာ ဖြစ်တယ်။ အစလုပ်ကြည့်၊ စမ်းကြည့်ရင်းနဲ့ Vaping လုပ်ရတာကို နှစ်သက်သဘောကျ စွဲလမ်းသွားရတာပါ။ ဒီလိုဖြစ်လာရင် အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် အင်မတန်မှ ရင်လေးစရာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျောင်းသားအရွယ် လူငယ်လေးတွေရော ကျောင်းပြင်ရောက် လူငယ်လူရွယ်လေးတွေကိုပါ ပြောချင်တာက ဆေးလိပ်ဖြတ်ဖို့ Vape သောက်တာ၊ ခေတ်မီချင်လို့ Vape သောက်တာ၊ ဘယ်လိုအကြောင်းကြောင့်ဖြစ်စေ Vape ဟာ မသောက်သင့်တဲ့အရာဖြစ်တယ်။ Vaping မလုပ်ကြပါနဲ့။ စီးကရက် ဆေးလိပ်တို့လိုပါပဲ၊ ခပ်ဝေးဝေးကနေ လုံးဝကို ရှောင်သင့်တဲ့အရာ ဖြစ်ပါတယ်။ အန္တရာယ်များလွန်းပါတယ်လို့ ပြောပါရစေ။ ။

**ကိုးကား – အင်တာနက်သတင်းများ၊**
**– ကျန်းမာရေးဆောင်းပါးများ၊**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ် ရွှေဟိန်းဆန်စက်လုပ်ငန်းနှင့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နွားပြိုင်ပွဲကြည့်ရှု၊ ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်

**တပ်ကုန်း ဇန်နဝါရီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေဟိန်းဆန်စက်လုပ်ငန်းသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုရာ ရွှေဟိန်းဆန်စက်ပိုင်ရှင်၊ နေပြည်တော်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းအောင်က စပါးဝယ်ယူရေး၊ ဆန်ရောင်းချရေး၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးနှင့် တစ်နေ့ စပါးတင်း ၁၀၀၀ ကျော် ကြိတ်ခွဲနိုင်သည့် ဆန်စက်လည်ပတ်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီးနောက် နေပြည်တော်ကောင်စီဝင်က ဆန်စက်လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက မကျီးပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၀၀) ကြို့ပင်သာကွင်း ယာယီပြေးလမ်းအရှည် ပေ ၇၅၀ ဖြင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နွားဗလာမောင်း၊ အလိုက်၊ ဒုန်းယှဉ်ပြိုင်ပွဲကြည့်ရှုအားပေးပြီး နွားလှည်းမောင်းသူမပါပြိုင်ပွဲဝင်၍ ပန်းတိုင်ဝင်ရောက် လာသည့်နွားများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ကြည့်ရှုအားပေးပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများအား ဆုကြေးငွေနှင့် ဒိုင်းဖလားကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **တင်စိုးလွင်**



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁– ၂၀၃၂၀၉၁၊ ၀၇၁– ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉– ၂၀၂၄၀၃၇၊ ၀၅၉– ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂– ၂၂၀၁၉၃၉၊ ၀၅၂– ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃– ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂– ၄၀၂၁၂၄၅၊ ၀၂– ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉– ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ – ၂၀၂၇၉၃၅၊ ၀၅၇– ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉– ၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁– ၈၃၀၀၀၁၆၊ ၀၁– ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁– ၂၁၂၄၅၄၀၊ ၀၈၁– ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂– ၂၀၂၅၉၉၃၊ ၀၄၂– ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## မွန်ပြည်နယ်အတွင်း အကျဉ်း / အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား အကျဉ်းသူ ၃၉၅ ဦး လွတ်ငြိမ်းခွင့်ပြု

**မော်လမြိုင် ဇန်နဝါရီ ၅**

မွန်ပြည်နယ်အတွင်းရှိ အကျဉ်း/ အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား အကျဉ်းသူ ၃၉၅ ဦးတို့အား ဇန်နဝါရီ ၄ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုပေးခဲ့ကြောင်း သိရသည်။

ထိုသို့လွှတ်ပေးရာတွင် ကျိုက်မရောဗဟိုထောင်မှ ၆၁ ဦး၊ မော်လမြိုင် အချုပ်ထောင်မှ ၁၄၀၊ သထုံအကျဉ်းထောင်မှ ၃၅ ဦး၊ ကျိုက်ထို မြို့နယ် မုပွလင် (အမျိုးသား) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၃၆ ဦး၊ မုပွလင် (အမျိုးသမီး) ကုန်ထုတ်စခန်းမှ အကျဉ်းသူ ၄၃ ဦး၊ အင်္ဂတို ရော်ဘာစိုက်ပျိုးရေးစခန်း (ရွှေဖြူ)မှ အကျဉ်းသား ရှစ်ဦး၊ တောင်စွန်း စခန်းမှ ၂၀၊ ရင်ငြိမ်စခန်းမှ ၂၆ ဦး၊ အင်ဖြောင်စခန်းမှ ရှစ်ဦး၊ ဇင်းကျိုက် စခန်းမှ ၁၈ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၃၉၅ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်သည်။



အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံ လျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၃၉၅ ဦးတို့အား အကျဉ်း/ အချုပ်ထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ် နှင့် လုပ်အားရှင် ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရ သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ အကျဉ်းသား ၁၀ ဦး လွှတ်ပေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ သည့် အကျဉ်းသား ၁၀ ဦးအား လွှတ်ပေးသည့်အခမ်းအနားကို ယမန် နေ့နံနက် ၉ နာရီ ၁၅ မိနစ်က ဆင်ပေါင်ဝဲမြို့နယ် အကျဉ်းဦးစီးဌာန ကိုးပင်-သာစည်(စိုက်/မွေး)စခန်း၌ ကျင်းပသည်။

ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်၊ မြို့မစခန်း မှူးဒုရဲမှူး ဇော်ရဲထွဋ်နှင့် အကျဉ်းဦးစီးဌာန ကိုးပင်- သာစည်(စိုက်/မွေး) စခန်းမှ ဦးစီးအရာရှိ ဦးနန်းမောင်မောင်တို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရသည့် အကျဉ်းသား ၁၀ ဦးအား ဆုံးမသြဝါဒစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား ၁၀ ဦးအား လုပ်အားခများ၊ ခရီးစရိတ်များ၊ စားစရိတ်များပေးအပ်ခဲ့ ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**




## ဘယ်လင်းအကျဉ်းဦးစီးဌာနမှ အကျဉ်းသား ၅၀ အား လွတ်ငြိမ်းခွင့်ပေး

**စဉ့်ကိုင် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင် မြို့နယ်အတွင်းရှိ ဘယ်လင်း အကျဉ်းဦးစီးဌာန အမှတ်(၁)နှင့် အမှတ်(၂) ကုန်ထုတ်စခန်း အစည်းအဝေး ခန်းမများ၌ အကျဉ်းသား ၅၀ အား လွတ်ငြိမ်း ခွင့်ပေးခဲ့သည်။



အခမ်းအနားသို့ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်၊ ဘယ်လင်းအကျဉ်းဦးစီး ဌာန ဦးစီးအရာရှိ ဦးအောင်စိုးဝင်း (ခေတ္တထောင်ပိုင်ကြီး)၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့် တာဝန် ရှိသူများ၊ အကျဉ်းသားများ တက်ရောက်ခဲ့ကြပြီး ဘယ်လင်း အကျဉ်းဦးစီးဌာန ဦးစီးအရာရှိက လွတ်ငြိမ်းခွင့် အမိန့်အား ဖတ်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်နှင့် တာဝန်ရှိသူ များက အကျဉ်းသားများအား ဆုံးမစကားများ ပြောကြားသည်။

ဆက်လက်၍ ကုန်ထုတ် စခန်းတွင် ပြစ်ဒဏ်ကျခံစဉ်ရရှိခဲ့ သည့် အကျိုးခံစားခွင့်များအား ထုတ်ပေးခဲ့ပြီးနောက် ဘယ်လင်း အကျဉ်းဦးစီးဌာန အမှတ်(၁) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၂၃ ဦးနှင့် အမှတ်(၂) ကုန်ထုတ် စခန်းမှ အကျဉ်းသား ၂၇ ဦး စုစုပေါင်းအကျဉ်းသား ၅၀ တို့အား အကျဉ်းဦးစီးဌာန အစီအစဉ်ဖြင့် ရထားဘူတာနှင့်ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

## ဒဂုံဆိပ်ကမ်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဇန်နဝါရီ ၃ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဒဂုံ မြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၄)ရပ်ကွက် ရွှေလီလမ်းနှင့် ပုဏ္ဏမီလမ်းဆုံ ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၂၇) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပုဏ္ဏမီလမ်း အတိုင်း အရှေ့မှအနောက်သို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၆) ရပ်ကွက်နေ ဦးစည်သူ (၅၅)နှစ် မောင်းနှင်သော MDY-17 3N-xxxx CHENG LONG ယာဉ်သည် ပုဏ္ဏမီလမ်းနှင့် ရွှေလီလမ်းဆုံအရောက် ဝဲဘက် ချိုးကွေ့မောင်းနှင်စဉ် မျက်နှာချင်းဆိုင်မှ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၁၆၈)ရပ်ကွက်နေ အောင်ဆန်း (၂၃)နှစ် စီးနင်းပြီး တစ်ရပ်ကွက် တည်းနေ ဟိန်းဝင်းအောင် (၁၆) နှစ် လိုက်ပါလာသည့် စက်ဘီးအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဟိန်းဝင်းအောင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဦးစည်သူအား ဒဂုံမြို့ သစ် (ဆိပ်ကမ်း) မြို့မရဲစခန်း ယာဉ်(ပ)၁/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ပေါင်းတည်အချုပ်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၂ ဦးအား လွတ်ငြိမ်းခွင့်ပြု

**ပေါင်းတည် ဇန်နဝါရီ ၅**

ပေါင်းတည်အချုပ်ထောင်မှ အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၆၂ ဦးအား လွတ်ငြိမ်းခွင့်ပြုခဲ့ကြသည်။

အဆိုပါ ထောင်လွတ် အကျဉ်းသား အကျဉ်းသူများအား ဇန်နဝါရီ ၄ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်နိုင်၊ ပေါင်းတည် အကျဉ်း ဦးစီးဌာနတာဝန်ခံ ဦးစိုင်းခမ်းမောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းတို့က ဆုံးမသြဝါဒစကားများ ပြောကြားပြီးနောက် မွန်းတည့် ၁၂ နာရီတွင် နေရပ်သို့ တာဝန်ရှိသူများက ပြန်လည်စေလွှတ် ပေးခဲ့ကြောင်း သိရသည်။ **ရွှေသား(ပြန်/ဆက်)**



## သုံးခွမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပ သော မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အ.ထ.က(၂) ကျောင်းသား ကျောင်းသူလေးများက“ကြိုဆို ပါသည်စုံညီပွဲတော်” သီချင်းသီဆိုဖျော်ဖြေမှုဖြင့် အခမ်းအနားစတင် ဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်ဆန်းဆန်းဌေးက ပညာရေးစုံညီပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ထူးချွန်ကျောင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ဆုတံဆိပ် နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

**ကိုကျော် (သုံးခွ)**



## ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**တာလေ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ မြို့ပေါ်ရပ်ကွက်များရှိ ကိုယ်ဝန် ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက တာလေတိုက်နယ်ကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းစိန်ဦး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ် ဆေးလာရောက်ထိုးနှံသော ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၁) နှစ်ခွဲအောက်ကလေးငယ်များ၏ သက်ဆိုင်ရာဆေးထိုးကတ်ပြား၌ စာရင်းရေးသွင်းပြီး တစ်နှစ်ခွဲအောက်ကလေးငယ် ၃၅ ဦးနှင့် ကိုယ်ဝန် ဆောင်မိခင် ခြောက်ဦး စုစုပေါင်း ၄၁ ဦးတို့ကို ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့သည်။


အဆိုပါ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်တစ်နှစ်ခွဲအောက် ကလေး ငယ်၏ ပုံမှန်ကာကွယ်ဆေးတွင် မေးခိုင်ကာကွယ်ဆေး၊ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ် ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး ထိုးဆေးနှင့် သောက်ဆေး၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးတို့ပါဝင်ကြောင်း သိရသည်။ **မိုးလရောင်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့မှ ခွင့်ပြန်လာသည့် တပ်မတော်အရာရှိတစ်ဦးသည် မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် အထက်ဗဟိုလမ်းရှိ "Apollo" ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ညီဖြစ်သူ၏ မင်္ဂလာပွဲသို့ သွားရောက်ခဲ့ပြီး ညီမဖြစ်သူနှင့်အတူ မော်တော်ယာဉ်ဖြင့်ပြန်လည်ထွက်ခွာစဉ် ဟိုတယ်ရှေ့ အထက်ဗဟိုလမ်းမပေါ်သို့ အရောက်တွင် အကြမ်းဖက်သမားနှစ်ဦးမှ ပစ္စတိုဖြင့် သုံးချက်ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ တပ်မတော်အရာရှိတွင် ယာလက်ဖျံဖောက်ဝင်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ညီမဖြစ်သူတွင် ယာခါးရှပ်ထိမှန် ဒဏ်ရာ (မစိုးရိမ်ရ) တို့ရရှိသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား**







၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အင်းဝဘဏ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း သမိုင်းလမ်းဆုံမီးပွိုင့်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။







၂၀၂၄ ခုနှစ် မေ ၁၂ ရက်တွင် အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်ရှိ ဆက်သွယ်ရေး Box အား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ ကောင်းသန့် ထမင်းဆိုင်၌ ရစဖမှူး ဦးစောဝင်းလွင်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသောပြည်သူများ၏ သတင်းပေးမှုများကြောင့် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ တရားခံ **မိုးထက်အောင်(ခ) မိုးထက်(ခ)တိမ်ညို၊ နိုင်ဝင်းလတ်၊ ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း(ခ) ပါပီလွှန်**နှင့် မိုးထက်အောင်(ခ) မိုးထက်(ခ)တိမ်ညို၏ မိဘများဖြစ်သည့် **သန်းအောင်၊ ချိုမာလွင်**တို့ ငါးဦးအား အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်း ရတနာသိင်္ခ ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ စူပါပါဝါ ကိုမွန်လေး ကားဆေးဘော်ဒီရုံ၌ **ဒီတိုနီတာအချောင်း ၅၀၀၊ ယမ်းကြိုး(ပေ ၂၀၀) တစ်ခွေ၊ နိုက်ထရိုကလယ်ဇင်း ၅၀ ကျပ်သား၊ လက်လုပ်ဗုံး တစ်လုံး၊ ယမ်းမှုန့်(ရောစပ်ပြီး) ၃ ပိဿာ၊** ပုလဲ ပိဿာ ၅၀၊ **Black Powder ၂၀ ကျပ်သား**တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ရတနာသိင်္ခ ဘုန်းကြီးကျောင်းတိုက်အတွင်း၌ လက်နက်/ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ အနန္တဂုဏ်ရည်ကျောင်းဆောင် ဒုတိယထပ်အခန်းအတွင်းမှ **ပွိုင့် 38 Special အမျိုးအစား ခြောက်လုံးပြူး သေနတ်တစ်လက်၊ ၎င်းကျည် ၂၅ တောင့်၊ TNT ယမ်းတောင့် နှစ်တောင့်၊ ဒီတိုနေတာ ၃၅ ချောင်း၊ ပန်းရောင်ယမ်းမှုန့် ၅၀ ကျပ်သားနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ**အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော လက်နက်/ခဲယမ်းများအား ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် ဦးကောင်းလမ်း၊ အမှတ်(၅၂၈)၊ (မြေညီထပ်)အခန်းတွင် နေထိုင်သည့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရှန်**နှင့် **ဇွန်ပွင့်ဖြူ** တို့ထံတွင် သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် အဆိုပါနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ရှာဖွေခဲ့ရာ ၎င်းတို့နှစ်ဦးမှာ ထွက်ပြေး တိမ်းရှောင်သွားခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **စွမ်းထက်(ခ) အေရှန်**၏ မိခင်ဖြစ်သူ **ခင်ယုဆွေ** အား နေအိမ်မီးဖိုခန်းအတွင်းမှ SigSauer ပစ္စတိုသေနတ် နှစ်လက်၊ ကျည်အိမ် သုံးခု၊ 9mm Thai Arms ကျည် ၁၅ တောင့်၊ 9mm Luger ကျည် ၉ တောင့်၊

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*
လက်လုပ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို**၏ ထွက်ဆိုချက်အရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် တရားခံ **ထက်အောင်လှိုင်**အား အင်းစိန်မြို့နယ် ဗဟိုလမ်း မီးရထားဒီဇယ်စက်ခေါင်း စက်ရုံဝင်ပေါက်အနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် **တရားခံ ကျား ငါးဦး၊ မနှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား SigSauer ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ 9mm ကျည် ၂၄ တောင့်၊ ပွိုင့် 38 Special အမျိုးအစား ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၂၅ တောင့်၊ လက်လုပ်ဗုံး နှစ်လုံး၊ TNT ယမ်းတောင့် နှစ်တောင့်၊ ဒီတိုနေတာ ၅၃၅ ချောင်း၊ ယမ်းမှုန့် ၃ ပိဿာ ၅၀ ကျပ်သား၊ နိုက်ထရိုကလယ်ဇင်း ၅၀ ကျပ်သား၊ ပုလဲ ပိဿာ ၅၀၊ Black Powder ၂၀ ကျပ်သား၊ ယမ်းကြိုး (ပေ ၂၀၀) တစ်ခွေ၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ** ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း (ခ) ပါပီလွန်** နှင့် **မိုးထက်အောင် (ခ)မိုးထက်(ခ) တိမ်ညို** တို့နှစ်ဦးသည် ၂၀၂၁ ခုနှစ် မတ်လခန့်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဝိုင်ချို၊ နေမင်း** တို့နှင့်အတူ ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာအနီးတွင် PDF အကြမ်းဖက်သင်တန်းအား သင်တန်းသားအင်အား ၁၇ ဦးဖြင့် ခုနစ်ရက်အား လည်းကောင်း၊ **ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း(ခ)ပါပီလွန်** သည် ၂၀၂၁ ခုနှစ် ဇွန်လခန့်တွင် မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်အနီး KNLA တမဟ(၆)နယ်မြေတွင် အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းအမှတ်စဉ်(၁) အား သင်တန်းသား အင်အား ၂၀ ဖြင့် ၁၀ ရက်အား လည်းကောင်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း (ခ) ပါပီလွန်** သည် အကြမ်းဖက်သင်တန်းဆင်းပြီးနောက် လူမှုကွန်ရက်မှတစ်ဆင့် ရင်းနှီးခဲ့သူ ဖမ်းဆီးရန်ကျန်တရားခံ **ခင်လင်းလင်း** ၏ ချိတ်ဆက်ပေးမှုဖြင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ သွားရောက်၍ ၂၀၂၃ ခုနှစ် ဇူလိုင်အထိ နေထိုင်ခဲ့ကြောင်း၊ ဩဂုတ်လခန့်တွင် အကြမ်းဖက်သင်တန်းတက်ရောက်စဉ် ရင်းနှီးခဲ့သူ ဖမ်းဆီးရန်ကျန်တရားခံ **အဲရစ်အောင်ငြိမ်း** သည် Messenger မှတစ်ဆင့် ဆက်သွယ်၍ PDF အကြမ်းဖက်အဖွဲ့များ အတွက် ထောက်ပို့လုပ်ငန်းများ လုပ်ဆောင်ရာတွင် လာရောက်ကူညီပေးရန် ပြောကြားခဲ့သောကြောင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ရန်ကုန်မြို့သို့ပြန်လာခဲ့ပြီး **မိုးထက်အောင် (ခ) မိုးထက်(ခ)တိမ်ညို** နေထိုင်သည့် ရတနာသိခ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ သွားရောက်နေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် လူမှုကွန်ရက် Facebook စာမျက်နှာတွင် **"ဆာကူရာ"** အမည်ဖြင့် အကောင့်ဖွင့်လှစ်၍ ထောက်ပံ့ငွေများကောက်ခံခဲ့ပြီး ရရှိလာသော ငွေကြေးများအား အဲရစ်အောင်ငြိမ်း ထံသို့ Kpay မှတစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ခိုင်မင်းစိုး (ခ) ငြိမ်းခန့်လင်း (ခ)ပါပီလွန်** ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလခန့်တွင် ယခင်ငွေကြေး ထောက်ပံ့ပေးနေသည့် ထိုင်းနိုင်ငံတွင်နေထိုင်သူ ဖမ်းဆီးရန်ကျန်တရားခံ **ကိုမျိုး(ခ) ဆရာကျောင်း (ခ) ဦးလေးကြီး** ထံသို့ Telegram မှတစ်ဆင့် ဆက်သွယ်ပြီး ထောက်ပံ့ငွေတောင်းခံခဲ့ရာ ၎င်းမှ အကြမ်းဖက်အဖွဲ့တစ်ခုဖွဲ့စည်းပါက ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့သည့်အတွက် Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့အား **ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း (ခ) ပါပီလွန်** မှ ခေါင်းဆောင်၍ **မိုးထက်အောင် (ခ) မိုးထက်(ခ) တိမ်ညို၊ နိုင်ဝင်းလတ်၊** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ**တို့ ငါးဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့သည် **ကိုမျိုး (ခ) ဆရာကျောင်း (ခ) ဦးလေးကြီး** ၏ ခိုင်းစေမှုဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ခြောက်ကြိမ်၊ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် သမိုင်းလမ်းဆုံရှိ လုံခြုံရေးဘန်ကာအား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ခင်ဇော်ဝင်းနှင့် ထိုက်လင်း** တို့ နှစ်ဦးမှ လက်လုပ်ရီမုမိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ) ပါပီလွန်၊ မိုးထက်အောင်(ခ) မိုးထက်(ခ)တိမ်ညို၊ ထက်အောင်လှိုင်တို့ သုံးဦးမှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား နိုင်ဝင်းလတ်၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ** တို့ သုံးဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

မေ ၁၂ ရက်တွင် အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်ရှိ ဆက်သွယ်ရေး Box အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်နှင့် မိုးထက်အောင် (ခ) မိုးထက်(ခ) တိမ်ညိုတို့နှစ်ဦးမှ လက်လုပ်ရီမုမိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **ခင်ဇော်ဝင်း** မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

မေ ၃၀ ရက်တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ကောင်းသန့် ထမင်းဆိုင်၌ ရစဖမှူး ဦးစောဝင်းလွင်အား ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း(ခ)ပါပီလွန်၊ ဖမ်းဆီးရန်ကျန် တရားခံ **စွမ်းထက်(ခ)အေရွှန်** တို့ နှစ်ဦးမှ ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် မိုးထက်အောင်(ခ)မိုးထက်(ခ) တိမ်ညိုမှ အခြေအနေစောင့်ကြည့်ပေးခဲ့ပြီး လူထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း။

ဇူလိုင် ၈ ရက်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အင်းဝဘဏ်အား ခိုင်မင်းစိုး (ခ) ငြိမ်းခန့်လင်း(ခ) ပါပီလွန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက် (ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ၊ သူရိန်ဝင်း(ခ) ဘူးသီး**တို့ လေးဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

ဩဂုတ် ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်းရှိ ယာဉ်ထိန်းရုံး (အဟောင်း)အား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ သူရိန်ဝင်း(ခ)ဘူးသီး** တို့ သုံးဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

အောက်တိုဘာ ၁၂ ရက်တွင် တာမွေမြို့နယ် ဦးချစ်မောင်လမ်းရှိ 29 ရတနာရွှေဆိုင်အား ခိုင်မင်းစိုး (ခ) ငြိမ်းခန့်လင်း (ခ) ပါပီလွန်၊ မိုးထက်အောင် (ခ) မိုးထက်(ခ) တိမ်ညိုနှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စွမ်းထက် (ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ** တို့ လေးဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

ဒီဇင်ဘာ ၂၂ ရက်တွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အထက်ဗဟိုလမ်း အမှတ် (၁၃)ရှိ Apollo Hotel ရှေ့တွင် တပ်မတော်အရာရှိနှင့် ညီမဖြစ်သူတို့အား မိုးထက်အောင် (ခ)မိုးထက် (ခ) တိမ်ညိုနှင့် ဖမ်းဆီးရန်ကျန်တရားခံ **သောကြာ(ခ)ကောင်းဆက်သွေး (ခ)အောင်မြတ်သူ** တို့ နှစ်ဦးမှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း(ခ)ပါပီလွန်၊ နိုင်ဝင်းလတ်၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက် (ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ၊ ဉာဏ်လင်းထက် (ခ) ယဉ်လတ်**တို့ ငါးဦးမှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန်တရားခံ **ကိုမျိုး(ခ)ဆရာကျောင်း (ခ)ဦးလေးကြီး** မှ ဖမ်းဆီးရန်ကျန်တရားခံ **သောကြာ(ခ) ကောင်းဆက်သွေး(ခ)အောင်မြတ်သူ**နှင့်ချိတ်ဆက်၍ ပို့ဆောင်ပေးခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးပါက လူမှုကွန်ရက်တွင်တင်၍ ထောက်ပံ့ငွေ တောင်းခံခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**





၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် ဦးချစ်မောင်လမ်း ဦးချစ်မောင် အိမ်ရာ၊ 29 ရွှေဆိုင်ရှေ့ မီးစက်ဘေး၌ တွေ့ရှိသည့် လက်လုပ်မိုင်း ၏ မှတ်တမ်း ဓာတ်ပုံ။



အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ရတနာသိခ်ဘုန်းကြီးကျောင်းဝင်း၌ ဖမ်းဆီးရမိသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၁) ရပ်ကွက် သုဓမ္မာလမ်းမကြီး ဘုန်းကြီးလမ်းမီးပွိုင့်အနီး၌ တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (9) Unit (2)

၂၃ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

**Use of present perfect**

**Exercises 1:**

**Read the situations and complete the sentences using the present perfect. Choose from these verbs:** အနည်းငယ် စဉ်းစားရသော လေ့ကျင့်ခန်းများဖြစ်ပါသည်။

| | | | |
|---|---|---|---|
| break | disappear | go up | grow |
| improve | shrink | stop | lose |

1. Tom is looking for his key. He can't find it. Tom ...........
2. Maria's English wasn't very good. Now it is better. Her English ...........
3. My bag was here, but it isn't here any more. My bag ...........
4. Lisa can't walk and her leg is in plaster. Lisa ...........
5. Last week the bus fare was £1.80. Now it is £2. The bus fare ...........
6. Dan didn't have a beard before. Now he has a beard. Dan ...........
7. It was raining ten minutes ago. It isn't raining now. It ...........
8. I washed my sweater, and now it's too small for me. My sweater ...........

**Answer Keys**

1. has lost his key 2. has improved
3. has disappeared 4. has broken her leg
5. has gone up 6. has grown his beard
7. has stopped 8. has shrunk

**Exercises 2:**

**Read the situations and write sentences with just, already or yet.** Critical thinking ပါသော လေ့ကျင့်ခန်းများဖြစ်ပါသည်။

1. After lunch you go to see a friend at her house. She says, 'Would you like something to eat?' You say: No thank you. I've just had lunch. (**have lunch**)
2. Joe goes out. Five minutes later, the phone rings and the caller says, 'Can I speak to Joe?' You say: I'm afraid .......... (**go out**)
3. You are eating in a restaurant. The waiter thinks you have finished and starts to take your plate away. You say: Wait a minute! .......... (**not / finish**)
4. You plan to eat at a restaurant tonight. You phone to reserve a table. Later your friend says, 'Shall I phone to reserve a table?' You say: No, .......... (**do it**)
5. You know that Lisa is looking for a place to live. Perhaps she has been successful. You ask her: ..........? (**find**)
6. You are still thinking about where to go for your holiday. A friend asks, 'Where are you going for your holiday?' You say: .......... (**not / decide**)
7. Laura went out, but a few minutes ago she returned. Somebody asks, 'Is Laura still out?' You say: No, .......... (**come back**)

**Answer Keys**

2. He has just gone out. 3. I have not finished yet.
4. I have done it 5. Have you found it yet?
6. I have not decided yet. 7. He has just come back.

**Exercises 3:**

**Read the situations and complete the sentences. (Tricky exercises)** အနည်းငယ်ခက်သော လေ့ကျင့်ခန်းများ ဖြစ်ပါသည်။

1. Jack is driving a car for the first time. He's very nervous and not sure what to do.
   It's the first time he's driven a car. (**example**)
2. Some children at the zoo are looking at a giraffe. They've never seen one before.
   It's the first time ------- a giraffe.
3. Sue is riding a horse. She doesn't look very confident or comfortable.
   She ------ before.
4. Joe and Lisa are on holiday in Japan. They've been to Japan once before.
   This is the second time ------.
5. Emily is staying at the Prince Hotel. She stayed there a few years ago.
   It's not the first ------- this hotel.
6. Ben is playing tennis for the first time. He's a complete beginner. ------ before.

**Answer Keys**

2. It's the first time they've seen a giraffe.
3. She's / She has never ridden a horse before.
4. This is the second time they've been to Japan.
5. It's not the first time Emily/she has stayed at this hotel.
6. He's / He has / Ben has never played tennis before. or He/Ben hasn't played tennis before.

## Grade (10) Unit (3)

၂၅ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

**Subject and Predicate**

In English grammar, a subject and a predicate are two main parts of a sentence. အင်္ဂလိပ်သဒ္ဒါမှာ ဖြုလုပ်သူ subject နဲ့ subject ဘာလုပ်တယ်ဆိုတာကိုဖော်ပြတဲ့ predicate အပိုင်း ဆိုပြီး နှစ်ပိုင်းပါဝင်တယ်။

**1. Subject**

The subject is who or what the sentence is about. It typically contains a noun or a pronoun.

**Examples of subjects:**

**The dog** barked loudly.

**She** is reading a book.

**The tall building** looks beautiful.

In each example, the words in bold tell us who or what the sentence is about. စာလုံးအမဲနဲ့ပြထားတာတွေဟာ subject တွေဖြစ်ပါတယ်။

**2. Predicate**

The predicate tells us something about the subject. It includes the verb and gives information about what the subject is doing or what is happening to it. (predicate က subject အကြောင်းကိုပြောပြပါတယ်။ verb ပါပါတယ်။

**Examples of predicates:**

The dog **barked loudly.**

She is **reading a book.**

The tall building **looks beautiful.**

subject and predicate ခွဲကြည့်ကြပါစို့။

Sentence: The sun rises in the east.
Subject: The sun
Predicate: rises in the east
Sentence: Birds fly.
Subject: Birds
Predicate: fly

Understanding the subject and predicate helps clarify sentence structure and meaning. (subject နဲ့ predicate ကို နားလည်ခြင်းဟာ ဝါကျတည်ဆောက်ပုံနဲ့ အဓိပ္ပာယ်ကို ပိုမိုရှင်းလင်းနားလည်စေပါတယ်။ (subject က စာကြောင်းရှည်လာရင် ကျောင်းသားအများစုက subject နဲ့ predicate ကို မခွဲတတ်တာတွေ့ရလို့ နားလည်အောင် ကြည့်ထားဖို့ လိုပါတယ်။

Every complete sentence contains two parts: a subject and a predicate. The subject is what (or whom) the sentence is about, while the predicate tells something about the subject.

**Point out the subject and the predicate in each of the following sentences.**

1. The child loves the dogs.
2. Does the child love the dog?
3. The hunter caught the hare.
4. Where does the hare live in winter?
5. What a timid little fellow the hare is!
6. The vessel was a magnificent five-master.
7. Who commanded the vessel?
8. The girl plays the piano well.
9. How the people crowd the station!
10. They expect to see the President.
11. I bring fresh showers to thirsty flowers.
12. The sun was sinking behind the western hills.
13. Yesterday we played a game of football.
14. I heard this story from the captain of the vessel.
15. Mr. Longfellow wrote a story about an Indian boy.

**Answer Keys**

1. The child / loves the dogs.
2. Does the child / love the dog?
3. The hunter / caught the hare.
4. Where does the hare / live in winter?
5. What a timid little fellow the hare / is!
6. The vessel / was a magnificent five-master.
7. Who / commanded the vessel?
8. The girl / plays the piano well.
9. How the people / crowd the station!
10. They / expect to see the President.
11. I / bring fresh showers to thirsty flowers.
12. The sun / was sinking behind the western hills.
13. Yesterday we / played a game of football.
14. I / heard this story from the captain of the vessel.
15. Mr. Longfellow / wrote a story about an Indian boy.

ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းမှာ အီတလီစူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဥ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ အတ္တလန္တာကို အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ အင်တာမီလန်နဲ့ နာမည်ကြီး ဂျူဗင်တပ်စ်ကို ကျော်ဖြတ်ခဲ့တဲ့ အေစီမီလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် အင်တာမီလန်နဲ့ အေစီမီလန်တို့ရဲ့ အီတလီစူပါဖလား ဗိုလ်လုပွဲ

■ မိုးဇက် - စုစည်းသည်




## အင်တာမီလန် VS အေစီမီလန်

လတ်တလောခြေစွမ်းအရ အေစီမီလန်အသင်းထက် အင်တာမီလန်အသင်းက တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းတည်ငြိမ်ကျစ်လျစ်မှုရှိတယ်။ အင်တာမီလန်အသင်းမှာ လုပ်အားနှုန်းကောင်းတဲ့ ဘတ်စ်တိုနီ၊ ဘစ်ဆက်ခ်၊ ဖန်တီးမှုအားကောင်းတဲ့ ဘာရယ်လာ၊ ဒီမာကို၊ အဆုံးသတ်သေချာတဲ့ သူရမ်၊ မာတီနက်ဇ်၊ ကယ်ဟန်နိုလူတို့ရှိတယ်။ ပြိုင်ဘက်အေစီမီလန်အသင်းမှာလည်း ပူလီဆစ်၊ မိုရာတာ၊ တီဂျန်နီတို့လို ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ထိပ်တန်းအဆင့် ကစားသမားတွေရှိတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း ပြိုင်ဆိုင်မှု ပြင်းထန်ပြီး အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ အင်တာမီလန်အသင်းက တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းတည်ငြိမ်တယ်ဆိုပေမယ့် ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့ရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။ ခြေစွမ်းထက်တဲ့အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း ဖလားဆွတ်ခူးနိုင်မယ်။




မာတီနက်ဇ်

အင်တာမီလန် (တိုက်စစ်)

၁၆ ပွဲကစား၊ ၆ ဂိုးသွင်း

**အင်တာမီလန်နဲ့ အေစီမီလန်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| အင်တာမီလန် | ၁ - ၂ | အေစီမီလန် | စီးရီးအေ |
| အေစီမီလန် | ၁ - ၂ | အင်တာမီလန် | စီးရီးအေ |
| အင်တာမီလန် | ၅ - ၁ | အေစီမီလန် | စီးရီးအေ |

ပူလီဆစ်

အေစီမီလန် (ကွင်းလယ်တိုက်စစ်)

၁၄ ပွဲကစား၊ ၅ ဂိုးသွင်း

## ဘရစ်ဘိန်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် နာမည်ကြီး ဆဘာယ်လင်ကာက ကူဒါမီတိုဗာက အနိုင်ရ

ကမ္ဘာ့အဆင့် နံပါတ်တစ် တင်းနစ်မယ် အာရီနာဆဘာယ်လင်ကာသည် ဘရစ်ဘိန်းအပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပိုလီနာကူဒါမီတိုဗာကို အနိုင်ယူနိုင်ကာ တင်းနစ်ကစားသမား ဘဝ (၁၈) ကြိမ်မြောက် ဆုဖလားကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲစဥ်တွင် ဘယ်လာရုစ်တင်းနစ်မယ် ဆဘာယ်လင်ကာသည် ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာကို ၄-၆၊ ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် မီရာအန်ဒရီဗာကို ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သော ဆဘာယ်လင်ကာသည် ယမန်နှစ် ဘရစ်ဘိန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် နာမည်ကြီး တင်းနစ်မယ် အီလန်နာ ရိုင်ဘာကီနာကို ရှုံးနိမ့်ထားသူဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် တင်းနစ်မယ် ဆဘာယ်လင်ကာသည် မကြာမီ ကျင်းပတော့မည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးလည်း ဖြစ်သည်။



### နောက်ဆုံးရအားကစားသတင်းတိုများ

- ■ လီဗာပူးအသင်းသည် အသင်းမှ အီဂျစ်တိုက်စစ်ကစားသမား ဆာလာ (၃၂နှစ်) ၏ နေရာကို ဘိုင်ယန်မြူးနစ်မှ ဂျာမနီတောင်ပံကစားသမား ဆာနေး (၂၈နှစ်) ဖြင့် အစားထိုးလိုနေသည်။
- ■ ဝုဖ်အသင်းသည် ဘရာဇီးတိုက်စစ်ကစားသမား မက်သီးယပ်စ် ကွန်ဟာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးကပ်လာပြီ ဖြစ်သည်။
- ■ ဘုန်းမောက်အသင်းသည် အာဂျင်တီးနားကလပ် လာနပ်စ် အသင်းမှ ဂျူလီယို ဆိုလာ (၁၉နှစ်) ကို ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။
- ■ နယ်သာလန်တိုက်စစ်ကစားသမား ဇာဇီးသည် မန်ယူအသင်းမှ ထွက်ခွာလိုနေသည်။

## ကက်ဂလီယာရီက မွန်ဇာကို အနိုင်ယူပြီး တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအားကောင်းလာ

အီတလီစီးရီးအေ ပွဲစဥ် (၁၉) မှ ဇန်နဝါရီ ၅ ရက် ည ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် မွန်ဇာနှင့် ကက်ဂလီယာရီအသင်းပွဲစဥ်တွင် ကက်ဂလီယာရီအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် တန်းဆင်းဇုန်မှ လွတ်မြောက်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။

ပွဲကစားချိန် ၆၃ မိနစ်တွင် မွန်ဇာအသင်းမှ ခံစစ်ကစားသမား ဒန်နီလို အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ မွန်ဇာအသင်းသည် ယခုပွဲစဥ်ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး ဆက်လက်ရပ်တည်နေသည်။




## ပရီမီယာလိဂ်ကလပ် စပါးအသင်းက ချက်ဇ်ဂိုးသမား ကင်စကိုင်းကို စာချုပ်ခေါ်ယူ

စပါးအသင်းသည် စလာဗီရာပရာ့ဂ်အသင်းမှ ချက်ဇ်ဂိုးသမား အန်တိုနင် ကင်စကိုင်း(၂၁ နှစ်)ကို ပြောင်းရွှေ့ကြေး ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

စပါးအသင်း၏ ပထမဦးစားပေးဂိုးသမား ဗစ်ကာရီယိုသည် စပါးအသင်းက မန်စီးတီးအသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သော နိုဝင်ဘာ ၂၄ ရက်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီးနောက် အနားယူနေရကြောင်း သိရသည်။

ဖရေဇာ ဖော်စတာသည် အဆိုပါ ဂိုးသမား၏နေရာကို အစားထိုးရွေးချယ်ခံခဲ့ရသော်လည်း ဇန်နဝါရီ ၄ ရက်တွင် စပါးအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဥ်တွင် အဖျားဝေဒနာကြောင့် လွဲချော်ခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ၁၁ ပွဲတွင် နိုင်ပွဲ နှစ်ပွဲသာ ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ကင်စကိုင်းသည် စပါးအသင်းနှင့် ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုရန် သဘောတူထားသည်။

ချက်ဇ် ယူ-၂၁ ဂိုးသမား ကင်စကိုင်းသည် ယခုနှစ်ရာသီတွင် စလာဗီရာအသင်းအတွက် ၂၉ ပွဲပါဝင်ကစားထားပြီး ၁၄ ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားသည်။

## တန်းဆင်းဇုန်မှ ဝုဖ်ကို ခြေစွမ်းထက်နေတဲ့ နော်တင်ဟမ် အနိုင်ယူသွားနိုင်မလား

ဇန်နဝါရီ ၇ ရက် နံနက် ၂ နာရီခွဲတွင် ပရီမီယာလိဂ်ပွဲစဥ် (၂၀) မှ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဝုဖ်နှင့် ယခုနှစ်ရာသီ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ထားသည့် နော်တင်ဟမ်ဖောရက်စ်အသင်းပွဲစဥ်ကို ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ခံစစ်ဆိုးရွားသည့် အသင်းထဲပါဝင်နေသော ဝုဖ်အသင်းသည် ပြီးခဲ့သည့်ပွဲစဥ်နှစ်ပွဲတွင် မန်ယူကို နှစ်ဂိုးပြတ် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး စပါးအသင်းကို နှစ်ဂိုးစီသရေကျအောင် ကစားထားနိုင်သည်။

ပြိုင်ဘက်နော်တင်ဟမ်ဖောရက်စ်အသင်းကလည်း နောက်ဆုံး ငါးပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ နော်တင်ဟမ်အသင်းတွင် စောင့်ကြည့်ရမည့် ကစားသမားအဖြစ် ပရီမီယာလိဂ် ၁၉ ပွဲတွင် ၁၁ ဂိုးအထိ သွင်းယူထားသော တိုက်စစ်ကစားသမား ခရစ္စဝုဒ် ရှိသည်။ ထို့အပြင် လိဂ် ၁၈ ပွဲတွင် ငါးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည့် အီလီအော့ အန်ဒါဆင်လည်း ရှိနေသည်။

ဝုဖ်အသင်းတွင် စောင့်ကြည့်ရမည့် ကစားသမားအဖြစ် မက်သီးယပ်စ် ကွန်ဟာရှိသည်။ ၎င်းသည် ပရီမီယာလိဂ် ၁၉ ပွဲတွင် ၁၀ ဂိုးသွင်းကာ လေးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

ဝုဖ်နှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားသည့် လေးကြိမ်တွင် လေးကြိမ်စလုံး အနိုင်၊ အရှုံး အဖြေမပေါ်ဘဲ သရေကျထားသည်။

**ပရီမီယာလိဂ်ပွဲစဥ် (၂၀)**

| အင်္ဂါနေ့ | | | ၇-၁-၂၀၂၅ |
|---|---|---|---|
| ဝုဖ် | vs | နော်တင်ဟမ် | နံနက် ၂း၃၀ |

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၉၇/မမ/CE | **ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း** ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမ္မဘူတာနှင့် ထီသိမ်ဘူတာကြား လမ်းအူကြောင်း ပြောင်းလဲဆောင်ရွက်မည့် Greatwall Filling နေရာ CH No(22040) မီတာနေရာတွင် 10' Flat Top တံတား (၁) စင်း တည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | ၂၉၈/မမ/CE | ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမ္မဘူတာ - ထီသိမ်ဘူတာကြား လမ်းအူကြောင်းသစ် ပြောင်းလဲဆောင်ရွက်မည့် Greatwall ဖို့မြေတာဘောင်အောက် CH No(22040) မီတာနေရာတွင် အသစ်တည်ဆောက်မည့် 10' Flat Top တံတား နှင့် ပေါမ္မဘက်ခြမ်း ဖို့မြေတာဘောင်တွင် TERRAMESH SYSTEM ဖြင့် Soil Reinforcement ပြုလုပ်ခြင်း (75 m) |
| ၃ | ၂၉၉/မမ/CE | ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမ္မဘူတာ - ထီသိမ်ဘူတာကြား လမ်းအူကြောင်းသစ် ပြောင်းလဲဆောင်ရွက်မည့် Greatwall ဖို့မြေတာဘောင်အောက် CH No(22040) မီတာနေရာတွင် အသစ်တည်ဆောက်မည့် 10' Flat Top တံတား နှင့် ထီသိမ်ဘက်ခြမ်း ဖို့မြေတာဘောင်တွင် TERRAMESH SYSTEM ဖြင့် Soil Reinforcement ပြုလုပ်ခြင်း (75 m) |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၇.၁.၂၀၂၅ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၃.၁.၂၀၂၅) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/9216 BAJAJ 205 D သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်သင်း ၁၄/ဖပန(နိုင်)၂၀၀၁၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/26159 TNT 125 ယာဉ်လက်ဝယ်ရှိသူ Eain Myint San Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးအေးပိုင်၏ သမီး မရီရီနိုင် ၈/နမန(နိုင်)၂၁၀၃၀၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၁၃၁၈၆၃၅**

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့၊ အထက(G-10 ) မှ မစန်းအိသင်း၊ အမှတ်(၈၇) မူလွန် ကျွန်းရွှေဝါ (G-8 ) မှ မမေမြတ်စိုး နှင့် (G-3 ) မှ မပိုးပိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသောင်းဟံ ၅/ဖပန (နိုင်)၀၄၀၆၀၂ ဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အလယ်ကန်ကျေးရွာ၊ အထက(ခွဲ)အလယ်ကန် Grade-10 မှ မခင်မြတ်နိုးဝေနှင့် Grade-3 မှ မခြူးမြရည်သွေး တို့၏ ဖခင်အမည်မှန်မှာ ဦးအေး ဖြစ်ပါကြောင်း။

**ဦးအေး**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရွှေလဝန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade(2) မှ မောင်ထွဋ်ခေါင်လင်း နှင့် မောင်ထွဋ်ခေါင်လွင် တို့၏ ဖခင်အမည်မှန်မှာ စောအံကျော် ဖြစ်ပါကြောင်း။

**စောအံကျော်**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ Grade-11 အတန်းမှ မောင်မိုးမင်းခန့်၏ဖခင် ဦးချစ်မင်း နှင့် မိခင် ဒေါ်နှင်းနှင်းဆွေ တို့၏ အမည်မှန်မှာ ဦးဆန်းမင်း ၈/ပခက (နိုင်)၁၈၇၂၈၇နှင့် ဒေါ်နုနုမြိုင် ၈/ပခက (နိုင်)၂၄၄၀၃၃ တို့ ဖြစ်ပါကြောင်း။

**ဦးဆန်းမင်း နှင့် ဒေါ်နုနုမြိုင်**

## ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အမှတ်(၄) ရပ်ကွက်နေ ဦးဝင်းကိုကို ၁၄/ကကန (နိုင်) ၀၉၂၈၄၆ ၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ဖြစ်ပါကြောင်း။

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ငွေးပင်ရိုးအုပ်စု၊ အောင်မြင်သာကျေးရွာနေ ဦးထက်ထက်လင်း ၉/ပဘန(နိုင်)၂၁၈၈၀၈ နှင့် မိတ္ထီလာမြို့နယ်၊ မြောက်လည်အုပ်စု၊ ကြိုးစုကျေးရွာနေ ဒေါ်အိအိခိုင် ၉/မထလ(နိုင်)၃၃၂၄၃၃ တို့သည် ယခုအခါ တစ်ဦးနှင့်တစ်ဦးစိတ်နေသဘောထားခြင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် ၁၄-၁၂-၂၀၂၄ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘာဆန္ဒအရ အသိသက်သေများရှေ့မှောက်၌ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဦးထက်ထက်လင်းနှင့် ဒေါ်အိအိခိုင်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်ထက်လင်းနှင့် ဒေါ်အိအိခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်မြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၇၁)**
**နယ်မြေ(၂)၊ ပေါက်ချောင်း(၁)ရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း- ၀၉-၄၀၂၅၃၄၆၉၅၊ ၀၉-၆၉၉၉၂၈၁၈**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တိုက်ပွဲကျေးရွာအုပ်စု၊ တိုက်ပွဲကျေးရွာနေ (ဘ) ဦးဘထော်၏သမီး ကျွန်မ မမိဝေ ၈/တတက(နိုင်) ၂၅၇၂၉၉ ၏နိုင်ငံကူးလက်မှတ် အမှတ်(MD-536579)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၆၈၅၅၅၅၂၁၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/7314 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

